EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၆)၊ အမှတ် (၇) | "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" | ( ဖေဖော်ဝါရီ ၂၅ ၊ ၂၀၁၉ )

# မေခမြစ် အထက်ပိုင်းတွင် တရားမဝင် ရွှေတူးဖော်မှုများ ရှိနေဆဲ




ဓာတ်ပုံ– ဆိုင်းမိုင်

စာ – ၅ သို့ »

## ဧရာဝတီမြစ်လယ်ကျွန်းတွင် သဲ၊ သဲကျောက်နှင့် ရွှေတရားမဝင် တူးဖော်မှုများ အမြန်ဆုံးရပ်တန့်ပေးစေလို

စာ – ၄ သို့ »

## မြစ်ကြီးနားမြို့တွင် ဒုတိယအကြိမ် ပြုလုပ်မည့် ကျောက်မျက်ရတနာ ပြပွဲတွင် အတွဲပေါင်း ၂၀၀၀ ခန့် ပြသနိုင်ရန် စီစဉ်နေ

စာ – ၁၁ သို့ »

## နန့်မြစ်ခချောင်းတွင် ငါးများသေဆုံးမှု အကြောင်းအရင်း နှစ်ရပ်ဖြစ်နိုင်

စာ – ၆ သို့ »



မြို့ပြမှုဆိုးရုပ်ရှင် ဇာတ်ကားကြီးမှာဖိုက်တင်မင်းသမီး အနေနဲ့ မြင်တွေ့ရမယ့် ကချင်တိုင်းရင်းသူ ဂျာဆိုင်းအိန်

စာ – ၁၉ သို့ »



မိုးသီးကျ၍ ပျက်စီးသွားသည့် လူနေအိမ်နှင့် အဆောက်အဦများကို အစိုးရမှ ထောက်ပံ့ပေးမည်

စာ – ၁၃ သို့ »



တရုတ်ပြည် မန်ရှီမြို့တွင် ကချင်ရိုးရာ မနောင်ပွဲကြီး ကျင်းပပြုလုပ်

စာ – ၂ သို့ »

# တရုတ်ပြည် မန်ရှီမြို့တွင် ကချင်ရိုးရာ မနောင်ပွဲကြီး ကျင်းပပြုလုပ်

ဖေဖော်ဝါရီ ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ မန်ရှီမြို့တွင် ဇင်ကော်ပွဲ (မနောင်ပွဲတော်) ကချင်ရိုးရာမနောင်ပွဲတော်ကြီးကို ဖေဖော်ဝါရီလ ၁၉ရက်နေ့မှ ၂၀ရက်နေ့အထိ ၂ရက်တိုင် ကျင်းပခဲ့သည်။

အဆိုပါပွဲတော်တွင် တရုတ်ပြည်သူ့နိုင်ငံရေးဆိုင်ရာအတိုင်ပင်ခံကွန်ဂရက်(CPPCC) ယူနန်ပြည်နယ် ဒုဥက္ကဋ္ဌမစ္စတာဟုန်းရီ၊ ပြည်နယ်ပါတီဝင်အတွင်းရေးမှူး၊ အလုပ်သမားကော်မတီ၏ အတွင်းရေးမှူး၊ ပြည်နယ်ရှိဌာနဆိုင်ရာများမှ အကြီးအကဲများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။





ဌင်းမနောင်ပွဲတော်ကြီး ဖွင့်ပွဲနေ့တွင် တိုင်းရင်းသားယဉ်ကျေးမှုရေးရာ ကျွမ်းကျင်သူ ဦးဒေါ့ရှီယောထန်က တရုတ်ဘာသာစကား၊ ကချင်မျိုးနွယ်စုတွင် ပါဝင်သော ဂျိန်းဖော့၊ ဇိုင်ဝါးတိုင်းရင်းသား ဘာသာစကားများဖြင့် မန်ရှီမနောင်ပွဲတော်သို့ အရပ်လေးမျက်နှာ၊ နေရာအနှံ့မှ တက်ရောက်လာကြသော သွေးချင်းညီအစ်ကိုများ၊ အဆွေတော်များ၊ ချစ်ခင်လေးစားအပ်သော ဂုဏ်သရေရှိ ရပ်မိရပ်ဖများနှင့် လူကြီးမင်းများ ကျန်းမာချမ်းသာကြပါစေကြောင်း ဘာသာစကားလေးမျိုးဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားကို ပြောကြားခဲ့သည်။

တိုင်းရင်းသားလူမျိုးများအားလုံးအနေဖြင့် မနောင်ပွဲတော်ကြီး၌ ပါဝင်ဆင်နွှဲခြင်းဖြင့် လာဘ်လာဘများ တိုးပွားလာပြီး ပိုမိုစည်းလုံးညီညွတ်ကြပါစေကြောင်းနှင့် ရိုးရာယဉ်ကျေးမှုဖြစ်သော မနောင်ပွဲတော်ကြီးကို အစဉ်အမြဲ လေးစားတန်ဖိုးထားတတ်စေရန် ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

"ဒီနေ့ကျင်းပတဲ့ မနောင်ဒီပွဲတော်ကြီးကို နေ့နေ့ညည မမေ့မပျောက်ဘဲ၊ ပျော်ပျော်ရွှင်ရွှင် ချီးမြှောက်အားပေးပြီး၊ ဒီနေ့ နောင်ရှောင်မနောင်က ဦးဆောင်နောက်ကို ညီညီညာညာ လိုက်ပါပြီး၊ ဘက်စုံ ဖွံ့ဖြိုးတိုးတက်၊ လာဘ်လာဘများ တိုးပွားလာ၊အော်ရာရာ. . နောင်ပါပါဆိုပြီး ပိုပြီးကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ အနာဂတ်ပန်းတိုင်သို့ လျှောက်လှမ်းကြပါစို့လား . . ."ဟု ဦးဒေါ့ရှီယောထန် ပြောကြားခဲ့သည်။

PYINNYA MOE PNM EDUCATION CENTRE

ပညာမိုး အဆင့်မြင့် ကိုယ်ပိုင်သင်တန်းနှင့်ဘော်ဒါ
၅ တန်းမှ ၁၀ တန်းအထိ

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင်
မတ် လ (၇) ရက်နေ့စမည်

- ဂီတ ကို ချစ်မြတ်နိုးခံစားတတ်လာပြီး စိတ်နှလုံးနူညံ့သိမ်မွေ့ယဉ်ကျေးလာစေဖို့ အခြေခံ Music ဂီတသင်တန်း
- နည်းပညာခေတ်မှာ အခြေခံလိုအပ်ချက်ဖြစ်တဲ့ ကွန်ပျူတာသင်တန်း
ကိုယ်၊ စိတ်၊ နှလုံးကျန်းမာဖို့ ဘောလုံးအားကစားအခြေခံပညာတို့ကို သင်ကြားလေ့ကျင့်ပေးသွားပြီး
- အင်္ဂလိပ်ဘာသာစွမ်းဆောင်ရည်မြင့်အောင် အင်္ဂလိပ်သီချင်းများ နားထောင်စေပြီး Listening သင်ကြားပေးခြင်း
Speaking မှန်မှန်ကန်ကန် စနစ်တကျ ကောင်းမွန်စွာ ပြောဆိုနိုင်အောင်သီးသန့်သင်ကြားချိန်ထား၍ သင်ကြားလေ့ကျင့်ပေးခြင်း။
- အသက်ငယ်စဉ်မှ စာဖတ်ဝါသနာပါစေဖို့ပညာမိုးစာကြည့်တိုက်တွင် Reading Class ထားရှိပေးခြင်း။
- Essay writing , Letter writing , Creative writing စတဲ့ စာရေးနည်းတွေကို ကလေးတွေကိုယ်တိုင်အမှန်တကယ် စနစ်တကျရေးတတ်ဖို့ သင်ကြားပေးပြီး အလွတ်ကျက်ပညာရေးစနစ် မဟုတ်ပဲ သင်ရိုးနှင့်အညီ လက်တွေ့ကို အခြေခံတဲ့ သင်ကြားရေးစနစ်နဲ့ သင်ကြားပေးသွားပါမည်၊



မောင်ဆိုင်းထွယ်အောင်(သင်္ချာ၊ဓာတု၊ရူပ၊ဇီဝ)



မရာဆိုင်းအောင် (မြန်မာ၊ဓာတု၊ဇီဝ)



မထက်ထက်ဝင်း (မြန်မာ၊သင်္ချာ၊ရူပ)



မဆိုင်းမိုင် (ဇီဝ)

၂၀၁၉-၂၀၂၀ ပညာင်နှစ်အတွက် ဖွင့်လှစ်သင်ကြားမည့် တန်းခွဲများ
၁၊ ၉တန်း အထူးတန်းခွဲ (ကန့်သတ်ဦးရေ (၂၀)ဦးသာ)
၂၊ ၁၀တန်း ရှယ်ပိုင်း (ကန့်သတ်ဦးရေ (၁၅)ဦးသာ)
၃၊ ၁၀တန်း အထူးတ်းခွဲ (ကန့်သတ်ဦးရေ (၄၀)ဦးသာ)
၄၊ ၁၀တန်း နှစ်ကျတန်းခွဲ (ကန့်သတ်ဦးရေ (၃၀) ဦးသာ)
၅၊ ၈တန်းအထူးတန်းခွဲ (ကန့်သတ်ဦးရေ (၂၀) ဦးသာ)

ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အစိုးရကျောင်း နှစ်သက်ရာ တက်ရောက်သင်ကြားနိုင်သည်။

(၅) တန်းမှ (၈) တန်းအထိ
ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် Laptop ကွန်ပျူတာ တစ်လုံးစီဖြင့် ကွန်ပျူတာပညာအခြေခံမှစ၍တတ်ကျွမ်း သည်အထိ သင်ကြားပေးမည်၊ သင်ကြားမှု အတွေ့အကြုံ ရင့်ကျက်သည့် ဆရာကြီး၊ ဆရာမကြီးများဖြင့် ညံ့သောသူကို တော်စေ၍ တော်သောသူကို ထူးချွန်အောင် သင်ကြားလေ့ကျင့်ပေးမည်၊

ဝန်ဆောင်မှုနှုန်းထားများ
- ၅ တန်း မှ ၈ တန်းအထိ - ၁၃ သိန်း
- ၉ တန်း - ၁၄ သိန်း
- ၁၀ တန်း - ၁၆ သိန်း





မောင်လီတား (သင်္ချာ၊ရူပ)

တည်နေရာ – အမှတ်(၂၇)၊ရန်ကြီးအောင်(လင်းရောင်ခြည်ရပ်ကွက်)၊အထက(၈)ကျောင်းနှင့်ဆောက်လုပ်ရေးတိုက်တန်းကြားလမ်း၊မြစ်ကြီးနားမြို့။
ဖုန်း – ၀၉–၇၆၀၆၈၁၃၄၅၊ ၀၉–၄၃၁၃၃၅၄၉၊ ၀၉–၄၀၀၀၁၄၀၇၉၊ ၀၉–၇၇၅၈၀၈၇၈၃













ယခု ကျင်းပခဲ့သော မနောင်ပွဲတော်ကြီးသည် ရှေးစဉ်ဆက်က ဂျန်ဝါနိမ် ဆန်အင်ပူဖရော်နန်ဂျန်အင်လာ ဇင်ကော်ပြုလုပ်ခဲ့သော မနောင်ပွဲတော်ကြီးကို ရှေးရိုးရာစဉ်ဆက်မပြတ် ခေတ်အဆက်ဆက် ပြုလုပ်ခဲ့ပြီး ၁၉၈၃ ခုနှစ်၌ ဇာကုပြည်နယ် အကြီးတန်းဒေသကိုယ်စားလှယ်၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများမှ စတင်ပြီး ဇင်ကော်ပွဲ(မနောင်ပွဲတော်)ဟူ၍ အမည်ပေး၍ ပြုလုပ်ခဲ့သော မနောင်ပွဲတော်ကြီး ဖြစ်ကြောင်းလည်း သိရသည်။

ယင်းပွဲတော်ကြီးသည် စည်းလုံးခြင်း၊ အချင်းချင်း ကူညီဖေးမခြင်း၊ ရှေးသမိုင်း အမွေအနှစ် ယဉ်ကျေးမှုလက်ရာများ၊ ဘာသာစကားများ၊ လက်မှုပညာများ၊ လူမှုနေထိုင်မှုများ၊ စီးပွားရေးရာများ၊ ရိုးရာဝတ်စားဆင်ယင်မှုများ၊ ကျန်းမာခြင်းဆုလဒ်များစသည့် အရာများကို ကောင်းမွန်အောင် လုပ်ဆောင်သွားစေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပွဲတော်ကြီး ဖြစ်မြောက်ရန်အတွက် လုံချွမ် အစိုးရ၏ ကူညီထောက်ပံ့မှုများဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး မနောင်ပွဲတော်ကြီး၌ မန်ရှီမြို့ရှိ ကချင်တိုင်းရင်းသားများ၊ တရုတ်လူမျိုးများနှင့် ရှမ်းမျိုးနွယ်စုများ စုစုပေါင်း လူဦးရေ တစ်သောင်းကျော်ဝန်းကျင် လာရောက်ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

Benadeth



မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
အောင်မျိုးဦး

**စာပြင်**
မြတ်သွေးထက်၊ ဝေဝေ

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ

**အငယ်တန်းသတင်းထောက်**
PH ဘရန်ဂျာ၊ Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**ငွေကိုင် ၊ စာရင်းကိုင်**
နန်အောင် ၊ ဘောက်ဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဆွတ်ရိန်နော်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**

အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ဧရာဝတီမြစ်လယ်ကျွန်းတွင် သဲ၊ သဲကျောက်နှင့် ရွှေ တရားမဝင် တူးဖော်မှုများ အမြန်ဆုံးရပ်တန့်ပေးစေလို




ဖေဖော်ဝါရီ ၂၁

မြစ်ကြီးနား မြို့နယ် နောင်နန်းကျေးရွာအုပ်စုရှိ ဧရာဝတီမြစ်လယ် ကတက်ကျွန်းပေါ်တွင် စက်ယန္တရားကြီးများဖြင့် သဲ၊ သဲကျောက်နှင့် ရွှေများ ထုတ်ယူနေမှုကြောင့် လူနေမှုဘဝ ထိခိုက်လာနိုင်သဖြင့် အမြန်ဆုံး တားဆီးပေးရန် ဧရာဝတီမြစ်ဘေးရှိ ကျေးရွာ ၆ ရွာမှ ဒေသခံများက ကချင်ပြည်နယ်ဝန်ကြီးချုပ်ထံ တိုင်ကြားထားကြောင်း သိရသည်။

ဧရာဝတီ မြစ်ကမ်းဘေးတွင်တည်ရှိသော နောင်နန်းကျေးရွာအုပ်စုမှ ရိုစနာ၊ နောင်နန်း၊ လမြန်၊ မော်တောင်း၊ ဂေါ့နန် ကျေးရွာတို့နှင့် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စု လဘန်ကထောင်ကျေးရွာတွင် နေထိုင်သော ဒေသခံ ၆၆၂ ဦးတို့က လက်မှတ်ရေးထိုးကာ ဖေဖော်ဝါရီ ၂၀ ရက်နေ့က ကချင်ပြည်နယ်ဝန်ကြီးချုပ်ထံ စာတင်ခဲ့ကြခြင်းဖြစ်သည်။

ယင်းကဲ့သို့ သဲ၊ သဲကျောက်များ အလွန်အမင်း ထုတ်ယူခြင်းကြောင့် မြစ်ကြောင်းစီးဆင်းမှု ထိခိုက်ခြင်း၊ ကမ်းပါးပြိုကျခြင်းများကြောင့် ယင်းပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ အိုးအိမ်၊ အိမ်ခြံများ ပျက်စီးလာနိုင်သည်ဟုလည်း လမြန်ကျေးရွာတာဝန်ခံ ဦးတန်ခမ်းက ပြောသည်။

"ဆက်ပြီး ထုတ်ယူနေမယ်ဆိုရင် ကမ်းပါးပြိုတာတွေ ဒေသခံတွေအတွက် အိုးအိမ်ပျက်စီးမှုတွေ ကြုံရမှာဖြစ်တယ်။ အရင်ကလည်းကြုံဖူးတယ်။ ဒီကျွန်းရဲ့ အနေအထားကြောင့်ပဲ ကမ်းပါးပြိုတာတွေ သက်သာခဲ့တယ်။ ပြီးတော့ ဒီကျွန်းဟာ ဒေသခံပြည်သူတွေရဲ့ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမြေနေရာဖြစ်သလို ဝမ်းရေးအတွက် သားငါးရှာဖွေပြီး အသက်မွေးဝမ်းကျောင်းပြုလုပ်တဲ့ကျွန်းလည်း ဖြစ်တယ်"ဟုဦးတန်ခမ်းကပြောသည်။

အဆိုပါကျွန်းမှာ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း မြှင့်တင်ပေးခြင်းကြောင့် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ထိန်းသိမ်းစေလိုသည့် ဆန္ဒဖြင့် တင်ပြရခြင်း ဖြစ်သည်ဟုလည်း မော်တောင်းကျေးရွာမှ တာဝန်ခံ ဦးရှောင်လတ်က ပြောသည်။

ယင်းလုပ်ကွက်သို့ ကျေးရွာတာဝန်ခံများမှ သွားရောက်ကာ စုံစမ်းမှုများ ပြုလုပ်ခဲ့ချိန်တွင် နိုင်ငံခြားသား တရုတ်လူမျိုးများဟု ယူဆရသူများက ကြီးကြပ်၍ လုပ်ကိုင်နေကြသည် ဟုလည်း ဦးရှောင်လတ်က ပြောသည်။

"စကား သွားပြောကြည့်တဲ့အခါမှာ ဗမာစကားလည်း မပြောတတ်ဘူး တရုတ်လူမျိုးတွေကို တွေ့ရတယ်။ နိုင်ငံသားတွေကိုလည်းတွေ့ရတယ် ကားမောင်း၊ ဘက်ဖိုးမောင်းတာတွေကတော့ ကျွန်တော်တို့ နိုင်ငံသားတွေ အခေါက်ရေမှတ်တာ စောင့်ကြည့်တာတို့ကတော့ ဗမာစကားမတတ်တဲ့ တရုတ်လူမျိုးတွေလို့ ကျွန်တော်တို့က ယူဆတယ်။ စက်ကြီးတွေနဲ့ အကြီးအကျယ်လုပ်နေတဲ့ အတွက်ကြောင့် တန်ဖိုးထားတဲ့ကျွန်းက ပျက်ဆီးလာတော့မှာကိုတော့ စိုးရိမ်ပါတယ်"ဟု ဦးရှောင်လတ်က ပြောသည်။

ထိုသို့ တူးဖော်ရာတွင် သဲ၊သဲကျောက်သာမက ရွှေတူးဖော်ခြင်းများကိုပါ လုပ်ကိုင်နေသည်ဟု ယူဆမိကြောင်း ကွင်းဆင်းစစ်ဆေးရာတွင် ပါဝင်သည့် လမြန်ကျေးရွာတာဝန်ခံ ဦးတန်ခမ်းက ဖြည့်စွက်ပြောကြားသည်။

"သဲကျောက် လုပ်ကွက်တွေမှာ အပေါ်ရော အောက်ရော တစ်ခါတည်း သဲကျောက်ကို ကုတ်ယူတယ်။ ဒါပေမဲ့ ဒီနေရာရဲ့ ထူးခြားချက်က ပေါ်မြေဆီလွှာတွေကို အရင်တွန်းလိုက်တယ်။ ပြီးတော့ အောက်ကျော ရွှေကြောလို့ ယူဆရတဲ့နေရာကို ကုတ်ယူတယ်လို့ယူဆတယ်။ ပြီးတော့ အဲ့ဒီမှာ ရွှေနဲ့ ဆက်စပ်တဲ့ ပစ္စည်းတွေ တွေ့ရတယ်။ ပြီးတော့ ရွာသားတွေသွားတဲ့အချိန် ဝင်ခွင့် မပေးတာတွေရှိတယ်။ နေ့ရော ညပါ လုပ်နေကြတယ် စက်ယန္တရားတွေလည်း အများကြီး သုံးထားတယ်"ဟု ၎င်းက ပြောသည်။

ထို လုပ်ကွက်များသည် တရားဝင်လုပ်ကိုင်ခွင့် လိုင်စင်မရရှိသေးဘဲ လိုင်စင်လျှောက်ထားဆဲသာ ဖြစ်သည်ဟုလည်း နောင်နန်းကျေးရွာတာဝန်ခံ ဦးခွန်းအောင်က ပြောသည်။

"ဒီကျွန်းကို ထိန်းသိမ်းခဲ့တဲ့ မြစ်ကမ်းတွေလည်း ပျက်စီးကုန်တယ်။ ဒေသခံတွေကိုလည်း အသိမပေးဘူး။ သူတို့ လုပ်ချင်တာကို လုပ်တယ်။ ဝင်ချင်တဲ့အချိန်မှာ ဝင်လာတယ်။ ပြီးတော့ မြစ်ကမ်းဘေး သူတို့ဝယ်ထားတဲ့ခြံမှာနေတယ်။ မြေနေရာတွေ ရှင်းလင်းတယ်။ မြစ်ကမ်းတွေ ဖြိုတယ်။ အဲ့လိုမျိုးတွေလုပ်လာတယ်။ လုပ်မယ့် လုပ်ငန်းလိုင်စင်က အခုထိ လျှောက်ထားဆဲပဲ။ ကျွန်တော်တို့ ဖြစ်ချင်တာက လူမှုပတ်ဝန်းကျင်နဲ့ ကိုက်ညီမှု မရှိလောက်ဘူး ထင်တယ်။ သိသလောက်တော့ စက်ရုံအကြီးစားတွေ လုပ်ရင် လူမှုပတ်ဝန်းကျင်နဲ့ ဝေးတဲ့နေရာတွေ လုပ်တယ်သိထားတယ်။ နေရာနဲ့မသင့်တော်ရင်တော့ လုပ်ငန်းလိုင်စင်တွေကိုလည်း အစိုးရကနေ မချပေးစေချင်ဘူးလို့ ပြောချင်ပါတယ်"ဟု ဦးခွန်းအောင်က ပြောသည်။

အဆိုပါ ကျွန်းသည် လဘန်ထောင်ကျေးရွာနှင့် အနီးဆုံး ဖြစ်သည့်အတွက် ၎င်းတို့ လျှောက်ထားသည့် လုပ်ငန်း လိုင်စင်ကိုလည်း ပြည်နယ်အစိုးရအနေဖြင့် လုပ်ပိုင်ခွင့်မပေးရန် တောင်းဆိုလိုကြောင်း လဘန်ကထောင် ကျေးရွာတာဝန်ခံ ဦးနော်ဂရောင်က ပြောသည်။

"ဒီကျွန်းရှိနေလို့ လဘန်ကျေးရွာက အခုထိ တည်မြဲခြင်းဖြစ်ပါတယ်။ ဒီကျွန်းမရှိတော့ရင် မြစ်ကမ်းနားက တောက်လျှောက် ရွာတွေလည်း ပျက်နိုင်တယ်။ ဗလမင်းထင်တံတား အထိပေါ့။ ကျွန်တော်တို့ ရွာနဲ့ဆို ဒီကျွန်းက ကတ္တရာလမ်းပဲခြားတယ်။ ကျွန်တော်တို့ ရွာနဲ့ အနီးဆုံးပဲ။ အမြဲတမ်း လုပ်ကိုင်စားသောက်နေတဲ့ နေရာတစ်ခုပါ။ ရာသီအလိုက် စားစရာတွေ ပြောင်းတို့ ဘာတို့စိုက်တယ်။ ဒီလိုဆက်လုပ်မယ်ဆိုရင်တော့ မြစ်ကမ်းတွေပြိုပြီး ရွာတွေကို ထိခိုက်လာနိုင်ပါတယ်" ဟု ၎င်းက ပြောသည်။

ယင်းလုပ်ငန်းကို ယခင်နှစ် ၂၀၁၈ ခုနှစ် မှစတင် ဘတ်ဖိုးကား နှစ်စီးဖြင့် စတင်လုပ်ကိုင်ခဲ့ခြင်း ဖြစ်ပြီး ယခုနှစ်တွင် ဘတ်ဖိုး ၉ စီးနှင့် ကားအကြီး အစီး ၃၀ တို့ဖြင့် ပိုမိုလုပ်ကိုင်လာခဲ့ခြင်းကြောင့် အမြန်ဆုံး ရပ်ဆိုင်းပေးရန် အစိုးရထံ တင်ပြခဲ့ကြခြင်း ဖြစ်သည်။

Salai

# မေခမြစ် အထက်ပိုင်းတွင် တရားမဝင် ရွှေတူးဖော်မှုများ ရှိနေဆဲ



ဖေဖော်ဝါရီ ၂၂

မြစ်ဆုံဒေသ မေခမြစ်အထက်ပိုင်းတွင် တရားမဝင် ရွှေတူးဖော်နေမှုများကြောင့် ဒေသခံများက သဘာဝပတ်ဝန်းကျင် ထိခိုက်မည်ကို စိုးရိမ်နေကြရကြောင်း သိရသည်။

ယင်းဒေသသို့ မြစ်ကြီးနားသတင်းဂျာနယ်မှ ဖေဖော်ဝါရီလ ၁၆ ရက်နေ့က သွားရောက်လေ့လာခဲ့ရာတွင် ရွှေတူးစက်ကြီးများဖြင့် တူးဖော်လျက်ရှိနေပြီး ဒေသခံများ၏ မြေဧကများ ပျက်စီးဆုံးရှုံးခြင်း၊ ရွှေတူးဖော်ခြင်းကြောင့် မြစ်ရေများ နောက်ခြင်း၊ တရားမဝင် တူးဖော်သည့်အတွက် နိုင်ငံတော်သယံဇာတများ နစ်နာခြင်း စသည်တို့ ဖြစ်ပေါ်နေကြောင်းလည်း သိရသည်။

"အစ ကျွန်မကြားတော့လေ။ သဲကျောက်ယူတာပေါ့။ သဲကျောက်ယူရင်းနဲ့ ရွှေတူးတာလို့ အသံကြားတယ်။ မေခမလိခ ဆုံတဲ့နားမှာဆိုရင် မယ်တော်ဂူရှိတယ်လေ။ မယ်တော်ဂူရဲ့ အထက်နားမှာ သူတို့လုပ်တာ။ မကောင်းဘူးလေ။ အဲဒါတွေက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်တယ်လေ။ ရေတိုက်စားမှုတွေလည်း ဖြစ်တတ်တယ်လေ"ဟု အမည်မဖော်လိုသူ မြစ်ဆုံဒေသခံတစ်ဦးမှ ပြောသည်။

ယင်း ရွှေတူးဖော်သည့် နေရာများသည် ယခင်က ဒေသခံများ၏ စိုက်ပျိုးရေးများလုပ်ကိုင်ခဲ့ကြရာ နယ်မြေများဖြစ်ပြီး ယခုအခါတွင် ရွှေမှော်ကြီးသဖွယ် ဈေးဆိုင်တန်းများ ရောင်းချလျက်ရှိသောကြောင့် ဒေသခံများ၏ စိုက်ပျိုးမြေများ နစ်နာဆုံးရှုံးနေရကြောင်းလည်း မြစ်ဆုံရွာဒေသခံ အသက် ၅၀ ကျော် အမျိုးသမီးတစ်ဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်မတို့ ဧက ၃ ဧက လောက်ရှိတယ်။ အခုက ဈေးတန်းကြီး ဖြစ်သွားပြီဆိုတော့ ဘာမှ စိုက်စားလို့လည်း မရတော့ဘူး။ သွားပြောရင်လည်း မင်းတို့က ပြောင်းရွှေ့ခံရွာသားတွေ ဖြစ်သွားပြီ။ မင်းတို့နဲ့ မဆိုင်တော့ဘူးလို့ ပြောတယ်"ဟု ယင်းအမျိုးသမီးက ပြောသည်။

ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဟောင်း ဦးHလအောင်က ကချင်ပြည်နယ်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံပွဲတွင် တင်ပြသည့် အစီရင်ခံစာတွင်လည်း မြစ်ဆုံဒေသအတွင်း တရားမဝင် ရွှေတူးဖော်နေသည့် ဓာတ်ပုံ၊ မှတ်တမ်းများကိုလည်း တင်ပြခဲ့သည်။

စည်သူ(မြစ်ကြီးနား)

## PHOTO NEWS




၇၁ နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို မြစ်ကြီးနားမြို့ရှိ တပ်ကုန်းရပ်ကွက်တွင် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်ရှိ ချင်းတိုင်းရင်းသားလူဦးရေ ၂၀၀ ခန့်က ကျင်းပပြုလုပ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံ၊ ချင်းရိုးရာအကနှင့် ဆုတောင်းခြင်းအစီအစဉ်တို့ ပြုလုပ်ခဲ့ကြသည်။

ထို့အပြင် ဗန်းမော်မြို့နှင့် ဖားကန့်မြို့ တို့တွင်လည်း ၇၁ နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ကျင်းပခဲ့ကြသည်။

Salai

# Editorial
## အယ်ဒီတာ့အာဘော်

### ပြင်ဆင်ရမည့် အခြေခံ ဥပဒေများကို မှန်ကန်မြန်ဆန်စွာပြင်ဆင်ရန်လို

၂၀၀၈ အခြေခံ ဥပဒေကို ပြင်ဆင်ဖို့ ပူးပေါင်းကော်မတီဖွဲ့စည်းရေး အဆိုကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာ တပ်မတော်နဲ့ ပြည်ခိုင်ဖြိုးကိုယ်စားလှယ်တွေ ကန့်ကွက်ခဲ့တဲ့ကြားက အောင်မြင်ခဲ့ပါတယ်။

ဒီ ပူးပေါင်းကော်မတီကို အဖွဲ့ဝင်ပေါင်း ၄၅ ဦးနဲ့ ဖွဲ့စည်းထားပြီး၊ တပ်မတော်နဲ့ ပြည်ခိုင်ဖြိုးကိုယ်စားလှယ်တွေက ၁၀ နေရာ ရရှိမှာ ဖြစ်ပါတယ်။

ဒီကော်မတီရဲ့ တာဝန်က ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသုံးသပ်ပြီးတော့ အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်နဲ့ လုပ်ထုံးလုပ်နည်းတွေကို မကျော်လွန်ဘဲ ဥပဒေမူကြမ်းထွက်လာတဲ့အထိ လွှတ်တော်ကို အစီရင်ခံစာတွေ တင်သွင်းသွားရမှာပါ။

ဒါ့အပြင် ပြည်ခိုင်ဖြိုးက ရွေးကောက်ခံ အမတ် ၃၈ ဦးနဲ့ တပ်မတော်သားကိုယ်စားလှယ်ပေါင်း ၁၀၅ ဦးတို့ သဘောတူလက်မှတ်ထိုးပြီး တင်ပြထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမူကြမ်းကိုလည်းပဲ လက်ခံဆွေးနွေးသွားမယ်ဆိုပြီး လွှတ်တော်နာယကကြီးက ပြည်ထောင်စုလွှတ်တော်မှာ ပြောခဲ့ပါသေးတယ်။

ဒီအခြေခံဥပဒေကို ပြင်ဆင်သင့်ပါသလား? တချို့သောသူတွေက မပြင်သင့်ဘူးလို့ ဆိုကြပြီး၊ နိုင်ငံရေး ပညာရှင်အများစုကတော့ ပြင်သင့်တယ်လို့ ဆိုပါတယ်။ အဲ့ဒီထဲမှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဥပဒေအကြံပေးဖြစ်တဲ့ တရားလွှတ်တော်ရှေ့နေ ဦးကိုနီလည်း ပါပါတယ်။

ဒီဖွဲ့စည်းပုံဥပဒေကို ပြင်လို့မရရင် အသစ်ပြန်ရေးဖို့ ဆိုခဲ့တာကြောင့် သူဟာ လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရတယ်လို့ နိုင်ငံရေး အသိုင်းအဝိုင်းက ဆိုကြပါတယ်။ နိုင်ငံရေး ပညာရှင်တွေ အားလုံးနီးပါးက ဦးကိုနီကို ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်ပြီး အင်မတန်တော်တဲ့ ပုဂ္ဂိုလ်အဖြစ် လက်ခံထားကြပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားနည်းချက်တွေကို ဦးကိုနီက ထောက်ပြခဲ့ပြီး၊ လက်တွေ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အဲ့ဒီဖွဲ့စည်းပုံ အခြေခံဥပဒေထဲက ပုဒ်မ ၂၁၇ ကို အသုံးပြုပြီး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုတဲ့ နေရာကို ရအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြည်သူကို အကျိုးမပြုဘဲ တစ်သင်း၊ တစ်ဖွဲ့၊ တစ်အုပ်စုကိုသာ အကျိုးပြုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုရင်တော့ ပြင်သင့်တာတွေကို ပြင်ရမယ်လို့ ဆိုပြန်ပါတယ်။

အမှန်တစ်ကယ်လည်း ဒီဖွဲ့စည်းပုံ အခြေခံဥပဒေဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအပြောင်းအလဲကို အကောင်အထည်ဖော်တဲ့ လမ်းကြောင်းအတွက် ခလုတ်ကန်သင်း တစ်ခုဖြစ်လို့ ပြင်သင့်ပါတယ်။

ဥပမာအနေနဲ့ ဗျူရိုကရေစီစနစ်ကျင့်သုံးပြီး ပြည်နယ်ပေါင်း ၃၂ ပြည်နယ်နဲ့ ဘာသာစကားပေါင်း ၃၅၀ ပြောတဲ့ အိန္ဒိယနိုင်ငံဟာ အကျင့်ပျက်နွံ့ထဲမှာ နိုင်ငံတော်စီမံကိန်းတွေ၊ ထိမ်းချုပ်မှုတွေနဲ့ ဆယ်စုနှစ်ပေါင်းများစွာ တိုးတက်မှုမရှိဘဲ ဖြုန်းတီးပစ်ခဲ့တာ တွေ့ရမှာပါ။

အဲ့ဒီနောက် သူတို့ဟာ ဗဟိုမှာ အလွန်ရှုပ်ထွေးတဲ့ စနစ်ကိုဖြတ်ကြရပြန်ပြီး၊ သာမန်လူအကြိုက် ဒီမိုကရေစီစနစ်ကြောင့် အာဏာရပါတီအတွင်း မကြာခဏဖြစ်နေတဲ့ အပြောင်းအလဲတွေနဲ့အတူ တည်ငြိမ်တဲ့ပေါ်လစီတွေ မချမှတ်နိုင်ခဲ့ကြပါဘူး။

ဒါ့ကြောင့် အိန္ဒိယနိုင်ငံဟာ အောင်မြင်တိုးတက်တယ်ဆိုသော်လည်း မခိုင်မာတဲ့ဥပဒေနဲ့ စနစ်တွေကြောင့် နှေးကွေးတယ်လို့ လီကွမ်ယူးက မှတ်ချက်ပေးခဲ့ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ သင်ခန်းစာကိုယူပြီး ကျွန်တော်တို့ နိုင်ငံအတွက် ပြင်ဆင်ရမယ့် ဥပဒေတွေကို မှန်မှန်နဲ့မြန်မြန် ပြင်ရမှာပါ။

မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကို သတ္တိရှိရှိနဲ့ အမြန်ဆုံး ဆုံးဖြတ်ချက်ချပြီး ပြောင်းလဲသင့်တဲ့ ဥပဒေတွေကို ပြောင်းလဲနိုင်ခဲ့လို့ အာရှမှာ အောင်မြင်တိုးတက်သွားခဲ့တာ စင်ကာပူနဲ့ တရုတ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ မြစ်ကြီးနားသတင်းဂျာနယ်ကလည်း အခြေခံဥပဒေပြင်ဆင်ရေးကို ပြည်သူ့အကျိုးအတွက် အပြည့်အဝ ထောက်ခံပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဖေဖော်ဝါရီ ၂၅ ၊ ၂၀၁၉ )

# နန့်မြစ်ခချောင်းတွင် ငါးများသေဆုံးမှု အကြောင်းအရင်း နှစ်ရပ်ဖြစ်နိုင်




မြစ်ကြီးနား၊ဖေဖော်ဝါရီ ၂၁

ဝိုင်းမော်မြို့နယ် အောင်မြေ(၂)ကျေးရွာ တစ်သျှူးငှက်ပျောခင်း ငှက်ပျောစိုက်ခင်းအနီးရှိ နန့်မြစ်ခချောင်းအတွင်း ငါးများ သေဆုံးမှုအပေါ် အကြောင်းအရင်း နှစ်ရပ်ဖြစ်နိုင်ကြောင်း ဝိုင်းမော် ငါးလုပ်ငန်းဦးစီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဝိုင်းမော် ငါးလုပ်ငန်းဦးစီးဌာနမှ ယခုလ ၁၄ ရက်နေ့တွင် သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ရာ တစ်စုံတစ်ယောက်မှ ငါးများကို ဆေးခတ်၍ ဖမ်းဆီးရယူရန် ပြုလုပ်ခြင်း ဖြစ်နိုင်သကဲ့သို့ တစ်သျှူးငှက်ပျောခြံမှ ပိုးသတ်ဆေး အသုံးပြုရာတွင် ချောင်းအတွင်းသို့ တစ်နည်းနည်းဖြင့် ရောက်ရှိသောကြောင့် ငါးများ သေကြခြင်းဖြစ်နိုင်ကြောင်း အစီရင်ခံစာတွင် သုံးသပ်ထားကြောင်းကို တွေ့ရှိရသည်။

နန့်မြစ်ခချောင်းသည် အောင်မြေ၊ အောင်မြေ(၂)နှင့် ရွှေညောင်ပင်ကျေးရွာမှ ရွာသူရွာသားများ အဓိကအားထားရသော တောင်ကျချောင်းရေတစ်ခုဖြစ်ပြီးယင်းကဲ့သို့ ငါးများသေဆုံးမှုသည် လွန်ခဲ့သော ဖေဖော်ဝါရီ ၆ ရက်ခန့်က စတင်၍ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ယင်းအပေါ် ဒေသခံများကလည်း ချောင်းအနီးရှိ တရုတ်တစ်သျှူးငှက်ပျောခြံတွင် အသုံးပြုသော ပိုးသတ်ဆေးများ ချောင်းအတွင်းသို့ ယိုဖိတ်မှုကြောင့် ဖြစ်နိုင်ကြောင်း ထင်မြင်ချက်ပြုထားသည်။

ဒေသခံများက နန့်မြစ်ခချောင်းကို စိုက်ပျိုးမွေးမြူရေးအတွက် အဓိကအားထားနေရပြီး ချောင်းအတွင်း ငါးများ မျိုးတုံးသွားရုံသာမက ချောင်းရေအသုံးပြု၍ မရတော့ပါက အခက်အခဲများ ရှိလာနိုင်ကြောင်းနှင့် ချောင်းရေကို သောက်သုံးနေကြရသော တိရစ္ဆာန်များအတွက်လည်း အန္တရာယ်ရှိလာနိုင်ကြောင်း ဒေသခံ ဦးလဂွေတိန့်ယိန်းက ပြောသည်။

"ကျွန်တော်တို့ အခင်းသွားပြီဆိုရင်လည်း ဒီချောင်းရေကိုပဲ အသုံးပြုနေကြရတာ။ အရင်ကဆို ငါးတွေအများကြီး အခုဆိုရင် ငါးမပြောနဲ့ မြေတွင်းမှာနေတဲ့ ဂဏန်းတွေ၊ ငါးရှဉ့်တွေကအစ အကုန်သေပြီ။ ရေလာသောက်တဲ့ နွားတွေအတွက်တောင် စိုးရိမ်ရတယ်"ဟု ၎င်းက ပြောသည်။

ထို့အပြင် အောင်မြေ(၂) ဒေသခံများသည် ငှက်ပျောခြံ လာရောက်လုပ်ကိုင်သော တရုတ်ကုမ္ပဏီများနှင့်လည်း မြစ်ချောင်းနှင့် ချောင်းအတွင်းရှိ ရေနေသတ္တဝါများ မထိခိုက်စေရန်၊ သဘာဝ သယံဇာတများကို ထိန်းသိမ်း စောင့်ရှောက်ပေးရန် ဟူသည့် ကတိကဝတ်ပြုစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။

ငါးများသေဆုံးမှုနှင့်ပတ်သက်ပြီး ဝိုင်းမော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်၍ ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် သွားရောက်စစ်ဆေးခဲ့ရာ ချောင်းအတွင်း ဝါးရွက်များနှင့် ရောနှောနေသော ငါးအသေ(၁၀)ကောင်ခန့်သာ တွေ့ရှိရပြီး ပုပ်သိုးနေပြီ ဖြစ်ကြောင်း တွေ့ရှိရသည်ဟု အစီရင်ခံစာတွင် ထပ်မံဖော်ပြထားသည်။

ယင်းနှင့် ပတ်သက်၍ ကျေးရွာတွင် ငါးရှော့ခ်တိုက်မှုလျော့ကျရန်၊ ငှက်ပျောစိုက်ခင်းရှိ ပိုးသတ်ဆေးများကို မြစ်ချောင်းအတွင်းသို့ မစွန့်ပစ်စေရန်၊ စနစ်တကျသုံးစွဲရန် အစရှိသော သင်တန်းများကိုလည်း ပို့ချသွားမည်ဖြစ်ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှဝိုင်းမော်မြို့နယ်ဦးစီးမှူး ဦးအောင်စိုးက ပြောသည်။

"ကျွန်တော်တို့ အနေနဲ့ ကျေးရွာမှာ ငါးရှော့ခ်တိုက်မှုလျော့ကျရေး၊ ပိုးသတ်ဆေးတွေကို ဘယ်လိုစနစ်တကျသုံးရမယ်ဆိုတာတွေနဲ့ ပတ်သက်ပြီး ဟောပြောပွဲတွေလုပ်သွားဖို့ အုပ်ချုပ်ရေးမှူးနဲ့ ပြောထားပါတယ်"ဟု ၎င်းက ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ငါးဆေးခတ်သူအား သက်သေခံပစ္စည်းနှင့်တကွ မျက်မြင်သက်သေ တွေ့ရှိလျှင် ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အောင်မြေ ၂ ကျေးရွာအတွင်း တရုတ်ငှက်ပျောခြံစိုက်ပျိုးမှုဧက ၂၀၀ ဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

Ann/Ah Je

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဖားကန့်လုပ်ကွက်များကို ရှောင်တခင်စစ်ဆေးမှု ပြုလုပ်

ဖေဖော်ဝါရီ ၂၂

ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းသည် ဖားကန့်ဒေသသို့ တစ်ပတ်အတွင်း နှစ်ကြိမ်သွားရောက်ခဲ့ပြီး ကျောက်စိမ်းလုပ်ကွက်များသို့ ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ စစ်ဆေးရာတွင် ကျောက်လုပ်ကွက်ဟောင်းများတွင် ရေအိုင်ကြီးများ ရှိနေသောကြောင့် ရေမဆေးသမားများအတွက် အသက်အန္တရာယ် စိုးရိမ်ရမှုများ ရှိနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရာ ယင်းကိစ္စကို အမြန်ဆုံးဖြေရှင်းပေးရန် ကျောက်မျက်တူးဖော်ရေးဌာန (လုံးခင်း)သို့ မှာကြားခဲ့ကြောင်း ဝန်ကြီးဦးဒါရှီလဆိုင်းကမြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"ကုမ္ပဏီတွေ တူးဖော်လိုက်တဲ့ ကျင်းဟောင်းတွေ နေရာမှာ ရေအိုင်တွေက ရှိနေတယ်။ ဒါတွေကို ဘေးအန္တရာယ်မရှိအောင်ဆောင်ရွက်ထားပါလို့ မှာခဲ့တယ်။ မကြာခင်တော့ အစီရင်ခံစာတက်လာမှာပါ။ ရေအိုင်တွေဖြစ်တဲ့ နေရာတွေကတော့ သက်တမ်းကုန်တဲ့ နေရာတွေပါ"ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းက ရှင်းပြသည်။

ယင်းအပြင် သက်တမ်းကုန်လုပ်ကွက်များတွင် ဝင်ရောက်တူးဖော်ခြင်း မပြုရန် မှာကြားခဲ့ပြီး ရေကျော်တံတား ဆောက်လုပ်မှုများကိုလည်း ထပ်မံစစ်ဆေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

"မတ်လပိုင်းလောက်မှာ သွားနိုင်မလားမသိဘူး။ အဲဒီအချိန် စည်ပင်ဝန်ကြီးလည်း ပါလာမယ်။ ဒီ ရေကျော်ကိစ္စကို အသေးစိတ်ကြည့်မယ်" ဟု ဦးဒါရှီလဆိုင်းက ဆက်လက်ပြောသည်။

ဦးဒါရှီလဆိုင်းသည် ဖားကန့်ဒေသသို့ ဝန်ကြီးဖြစ်ပြီးသည့်နောက် တစ်လခန့်အကြာတွင် ပထမဦးဆုံးအကြိမ် သွားရောက်ခဲ့ခြင်းဖြစ်ကာ ယခုလ ၁၆ ရက်နေ့နှင့် ၂၁ ရက်နေ့တို့တွင် သွားရောက်ခဲ့ခြင်း ဖြစ်သည်။

စည်သူ(မြစ်ကြီးနား)





**တုတ်ထိုး** - ဒါ ဘာသဘော လဲခင်ဗျာ။
**အိုးပေါက်** - ဘာမေးတာ တုန်း။

**တုတ်ထိုး** - ဖွဲ့စည်းပုံ အခြေခံဥပဒေကို မလိမ့်တပတ်နဲ့ပြင်ဆင်ဖို့ကြိုးစားတာနဲ့ ပါတီတစ်စုတစ်ဖွဲ့က လိုသလို ပုံစံပြောင်းဖို့ ကြိုးစားခြင်းပြုလုပ်ရင် နိုင်ငံမှာ မလိုလားအပ်တဲ့ ဆိုးကျိုးတွေဖြစ်လာနိုင်တယ်လို့ တပ်မတော်နဲ့ ပြည်ခိုင်ဖြိုးပါတီကိုယ်စားလှယ်တွေက ပြောနေလို့လေ။
**အိုးပေါက်** - ဘယ်သူတွေက ပြောတာတုန်း။

**တုတ်ထိုး** - တပ်မတော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင်က ပြောတယ်။ "ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပါတီတစ်စုတစ်ဖွဲ့က လိုသလိုပုံစံပြောင်းပြီး လုပ်သွားရင် နိုင်ငံရဲ့ အခြေအနေကလည်း ယိမ်းသွားနိုင်တယ်။ ကျွန်တော်တို့နိုင်ငံကလည်း ဘာပဲပြောပြောပေါ့။ အရေးကြီးတဲ့နေရာမှာ ရှိနေတာဖြစ်တဲ့အတွက် ကိုယ်က ရပ်တည်မှုမှားသွားတာနဲ့ တစ်ပြိုင်နက် ကိုယ့်နိုင်ငံဟာ စစ်တလင်း ဖြစ်ကောင်းဖြစ်သွားနိုင်တယ်။ ဒါတွေကို သတိထားဖို့ လိုပါတယ်"တဲ့ဗျ။
**အိုးပေါက်** - ဟဲ့ ဟဲ့။ သောက်ပလုတ်တုတ်။ စစ်တလင်းက ဖြစ်နေတာ ကြာပြီ။ ခြေ/ဥပြင်မှ စစ်တလင်း ဖြစ်ကောင်း ဖြစ်သွားနိုင်တယ်ပြောတာ ဘာသဘောလဲခင်ဗျ။ သူ့စကားက ခြိမ်းခြောက်တဲ့လေသံတွေ ပါနေတယ်ဗျ။

**တုတ်ထိုး** - အဲ့ဒါကြောင့် ကျုပ်က မေးတာ။ ဒါ ဘာသဘောလဲ ခင်ဗျာလို့။
**အိုးပေါက်** - ဒီချုပ်ပါတီ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်ကလည်း ပြောပါတယ်။ "မလိမ့်တပတ်နဲ့လို့ ပြောဆိုတာမျိုး ဒါတွေဟာ ကျွန်တော်တို့ လက်မခံပါဘူး။ လုပ်ထုံးလုပ်နည်းတွေနဲ့အညီပဲ လုပ်ဆောင်နေတာပါ။ အခုလိုမျိုး ပြောဆိုတာကတော့ ခြိမ်းခြောက်တဲ့ သဘောမျိုး ရောက်နေတယ်"ဆိုပြီး စွပ်စွဲတာတွေကို လက်မခံတဲ့အကြောင်း ပြောထားတယ်။

**တုတ်ထိုး** - ခြေ/ဥပြင်ဆင်ရေး ပူးပေါင်းဆောင်ရွက်တဲ့ အခါ အခြေအနေတွေကို ပြန်တွေးကြည့်။ ဖေဖော်ဝါရီလ ၅ ရက်နေ့က ခြေ/ဥပြင်ဆင်ရေးအဆိုကို ကိုယ်စားလှယ်တွေ အကြိတ်အနယ် ဆွေးနွေးတော့ တပ်မတော်သားတွေက လွှတ်တော်ထဲမှာ ထိုင်ထ လုပ်ခဲ့ကြတယ်။ အရေးကြီးအဆိုကို မဲခွဲဆုံးဖြတ်တဲ့အခါမှာလည်း မလုပ်မရှုပ်မပြုတ် ကြားနေမဲတွေက အုတ်ရောရောကျောက်ရောရော ပါခဲ့တယ်။
အိုးပေါက် - နောက်ဆုံးတော့ ကော်မတီဖွဲ့စည်းဖို့ မဲခွဲဆုံးဖြတ်။ အခုတော့ တပ်မတော်သားတွေက စိုးရိမ်နေတဲ့လေသံနဲ့ စစ်တလင်းဖြစ်သွားနိုင်တယ် ပြောတယ်။ အင်း. . . ရှေ့ဆက်ပြီး ခြေ/ဥပြင်ဆင်ရေး ကြိုးပမ်းမှုတိုက်ပွဲတွေဟာ ပြင်းထန်လာဦးမှာ မြင်ယောင်မိပါတယ်။

**တုတ်ထိုး** - ဒါနဲ့နေပါဦး။ ဦးရွှေမန်းက နိုင်ငံရေးပါတီထောင်တော့မလို့ဆို။
**အိုးပေါက်** - ဟုတ်တယ်။ ပြည်ထောင်စု ကောင်းကျိုးပါတီတဲ့။ Union Betterment Party (UBP) ပေါ့။ သူကတော့ ပြောပါတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားအကျိုးစီးပွားအတွက် ရှင်သန်သရွေ့ အလုပ်အကျွေးပြုချင်လို့ ပါတီထောင်တာတဲ့ ခင်ဗျ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ တရားဥပဒေစိုးမိုးရေးတွေကို အခုအခြေအနေတွေထက် ပိုမိုကောင်းမွန်စေဖို့ ပြည်သူတွေနဲ့အတူ နီးနီးကြားကြား တက်တက်ကြွကြွ ဆောင်ရွက်ဖို့ သင့်တော်တဲ့ အချိန် ရောက်ပြီလို့ ယူဆတဲ့အတွက် ပါတီတစ်ရပ် ထူထောင်ဖို့ ဆောင်ရွက်ရခြင်း ဖြစ်ပါသတဲ့။

**တုတ်ထိုး** - ဟဲ ဟဲ ဟဲ။
**အိုးပေါက်** - သူပြောတဲ့ စကား စဉ်းစားမိလို့ပါ။ သူပြောတာ ကြည့်လေ။ "ပြည်သူတွေနဲ့အတူ နီးနီးကြားကြား တက်တက်ကြွကြွ ဆောင်ရွက်ဖို့ သင့်တော်ဖို့ အချိန်ရောက်ပြီလို့ ပြောတယ်လေ။ အရင်တုန်းက ပြည်သူတွေနဲ့အတူ တက်တက်ကြွကြွ မဆောင်ရွက်ခဲ့သလိုကြီးနော်။ ဟဲ ဟဲ ဟဲ။

**တုတ်ထိုး** - ကျုပ်မပြောဘူးနော်။ ခင်ဗျားပြောတာ။
**အိုးပေါက်** - အခု သူပြောတဲ့စကားအတိုင်း ပြည်သူတွေနဲ့ အတူဆိုတော့ ပြည်သူတွေရဲ့ ရင်ထဲရောက်အောင် ကြည့်ပါ။ ပြည်သူတွေနဲ့အတူ ဆင်းရဲကြည့်ပါ။ ပြည်သူတွေနဲ့အတူ စစ်ပြေးကြည့်ပါ။ ပြည်သူတွေနဲ့အတူ ကားစီးကြည့်ပါ။ ပြည်သူတွေနဲ့အတူ လမ်းလျှောက်ကြည့်ပါ။ ဦးရွှေမန်းမှမဟုတ်ပါဘူး။ ဘယ်ပါတီကလူပဲဖြစ်ဖြစ် ပြည်သူ့အသံ နားစွင့်ပါ။ ပြည်သူနဲ့အတူ နေထိုင်ပါ။ ဟိုပွဲတက် ဒီပွဲတက် ဖဲကြိုးဖြတ်၊ ဓာတ်ပုံရိုက်၊ ပို့စ်တွေတင်ပြီး Facebook နိုင်ငံရေးလုပ်နေကြတဲ့ ဓာတ်ပုံနိုင်ငံရေးသမားတွေထက် ပြည်သူတွေနဲ့အတူ တကယ်ရှိရင် ပြည်သူတွေက ပြန်ချစ်ပါလိမ့်မယ်။

**တုတ်ထိုး** - မဆိုးဘူး။ ခင်ဗျား တစ်ချက်တစ်ချက် တော်လာပြီ။
**အိုးပေါက်** - တကယ်အားကိုးရတဲ့ ပါတီအစစ်အမှန်တွေ လိုအပ်ပါတယ်။ ငွေပေးစည်းရုံး၊ ဒံပေါက်လေးပေးစည်းရုံး၊ နေ့စားလေးပေးစည်းရုံးတဲ့နည်းတွေနဲ့တော့ အောက်လမ်းနည်း မသုံးဖို့လိုတာပေါ့။ ဂုဏ်သိက္ခာရှိတဲ့ ပါတီတစ်ခု ဖြစ်ပါစေကြောင်း ဦးရွှေမန်းအတွက် ဆုတောင်းပေးပါတယ်။

**တုတ်ထိုး** - သူ မဲနိုင်ပါ့မလား။
**အိုးပေါက်** - သူက ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီက လူဟောင်းပဲလေ။ ၂၀၁၅ တုန်းကလည်း သန်းခေါင်ယံအာဏာသိမ်းပွဲဆိုပြီးတောင် နာမည်ကြီးခဲ့သေးတယ်။ သာကူးဘွဲ့တောင် တချို့က ပေးခဲ့ကြသေးတာပဲ။

**တုတ်ထိုး** - ဒီတော့ ဘာဖြစ်နိုင်မလဲ။
**အိုးပေါက်** - ကြံ့ခိုင်ရေးမှာ ရှိတုန်းက သူ့ဘက်မှာ ရှိခဲ့တဲ့ လူတွေ ရှိပါလိမ့်မယ်။ ဒီတော့ ကြံ့ခိုင်ရေးဘက်က လူတချို့ သူ့ဘက်မဲတွေ ဖြစ်သွားပါလိမ့်မယ်။ NLD ပါတီထဲက တချို့လူတွေ၊ NLD ဘက်မှာ မဲပေးခဲ့ကြတဲ့ ပြည်သူတချို့လည်း အခုအစိုးရရဲ့ အချို့ကိစ္စတွေမှာ အားမလိုအားမရဖြစ်နေတာတွေ ရှိနေတာ တွေးပြီး ဦးရွှေမန်းပါတီဘက် ယိမ်းသွားနိုင်တယ်။

**တုတ်ထိုး** - တပ်မတော်ထဲက မဲတွေရော မရနိုင်ဘူးလား။
**အိုးပေါက်** - သူ့ကိုကြည်ညိုလေးစားတဲ့သူတွေ တပ်မတော်ထဲမှာ ရှိပါလိမ့်မယ်။ အဲ့ဒီမဲတွေလည်း ရပါလိမ့်မယ်။ ကြံ့ခိုင်ရေးဘက်မှာ ရှိပြီး ကြံ့ခိုင်ရေးမှာ အားမလိုအားမရဖြစ်နေတဲ့ သူတွေရဲ့ မဲတွေရယ်။ NLD ကိုထောက်ခံခဲ့တဲ့ တချို့မဲတွေကလည်း သူ့ဆီရောက်သွားနိုင်တယ်။ ဗိုလ်ချုပ်ဟောင်းတွေ၊ တပ်မတော်သားတွေက မဲတွေရသွားနိုင်တော့ ဦးရွှေမန်းပါတီဟာ အင်အားကြီးလာနိုင်ပါတယ်။ ဒါပေမဲ့ NLD ပါတီဟာ ခေတ်အဆက်ဆက် သမိုင်းကောင်းကိုဖြတ်သန်းခဲ့တယ်။ အမှောင်ခေတ်ကြီးထဲမှာ ပြည်သူနဲ့အတူ ရှိခဲ့တဲ့ပါတီအဖြစ် ပုံရိပ်ကောင်း ရထားတယ်။ ဒီတော့ ဦးရွှေမန်းရဲ့ UBP ဟာ ကြံ့ခိုင်ရေးပါတီထက် သာသွားနိုင်တယ်။ NLD ကိုတော့ မကျော်နိုင်လောက်ပါဘူး။ ပြီးတော့ ပြည်သူတွေဟာ ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ကြပြီ။ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ကြပြီ။ ပြည်သူလူထုရဲ့ နိုင်ငံရေးရေချိန်က အပေါင်းလက္ခဏာ ဖြစ်လာပါပြီ။ ကြိုတင်မဲတို့၊ ဒံပေါက်မဲတို့၊ နေ့စားမဲတို့၊ မီးပြတ်မဲတို့သာ မပါကြေးဆိုရင်တော့ NLD ပါတီက ၂၀၂၀ မှာ ပန်းပန်ပါဦးမယ်။

**တုတ်ထိုး** - ဘာဖြစ်လို့ ပန်းပန်မှာလဲ။
**အိုးပေါက်** - ပြည်သူကို နှိပ်စက်တဲ့အစိုးရ မဖြစ်ခဲ့လို့ပဲ။

**တုတ်ထိုး** - မီးပြတ်မဲဆိုတာ ဘာကြီးတုန်း။
**အိုးပေါက်** - မီးပြတ်တဲ့ အချိန် ဘယ်ကရောက်လာတယ် မသိတဲ့ မဲတွေကို ပြောတာ။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။
**အိုးပေါက်** - ဟဲ ဟဲ ဟဲ။ NLD ပါတီမှာ အလုပ်မလုပ်တဲ့အမတ်တွေ ရှိနေရင်ရော။

**တုတ်ထိုး** - မြောင်းထဲ အလိုလို ရောက်သွားမှာပါပဲ။ ဒါပေမဲ့ NLD ပါတီ မြောင်းထဲ ရောက်သွားတာမျိုးမဟုတ်ဘဲ လုပ်ဆောင်သူပုဂ္ဂိုလ် မြောင်းထဲရောက်သွားမှာကို ပြောတာပါ။
**အိုးပေါက်** - NLD အမတ်တွေကို ဘာပြောချင်လဲ။

**တုတ်ထိုး** - ပြည်သူချစ်အောင် နေထိုင်ပါ။ ပြည်သူနဲ့အတူ မျှဝေခံစားပါ။ ပြည်သူ့နှလုံးကို သိမ်းကြုံးသွားနိုင်ရင် ဘယ်ပါတီ ဘယ်အမတ်ပဲဖြစ်ဖြစ် ပြည်သူလူထုက ခင်ဗျားတို့ဘက် ရပ်တည်မှာပါလို့။
**အိုးပေါက်** - ခင်ဗျားက ဘယ်ဘက်မှာ ရပ်ခဲ့တာလဲ။

**တုတ်ထိုး** - ခင်ဗျားလိုပဲပေါ့။ NLD ဘက် ရပ်တည်ခဲ့တာပေမယ့် စကားဝိုင်းထဲပြောတဲ့အခါ ပါတီစွဲက မလွတ်ဘူး။ ဒါပေမဲ့ ခင်ဗျားတို့ ကျုပ်တို့က ကြားမှာပဲ ရှိရမယ်။ ဘက်မပါဘဲ ပြောရဆိုရ ရေးရမယ်။
**အိုးပေါက်** - ဒါပေါ့။ ကျုပ်တို့ခင်ဗျားတို့လည်း ဆင်ခြင်ရမယ်။

**တုတ်ထိုး** - အမှန်တရားဘက်မှာတော့ နေပါရစေခင်ဗျာ။ ။

မြစ်ကြီးနားသတင်းဂျာနယ်
( ဖေဖော်ဝါရီ ၂၅ ၊ ၂၀၁၉ )

# ခရီးသည် ကိုမြစိန်

အင်ခိုင်ဘွမ် ရေးသားသည်။

၁၉၄၇ ခုနှစ်၊ နှစ်စပိုင်း အချိန်များတွင် မြန်မာ့နိုင်ငံရေးသည် လွန်စွာ လှုပ်ခတ်လျက်ရှိသည်။ ပင်လုံစာချုပ် ချုပ်ဆိုပြီး၍ တောင်တန်းဒေသ စုံစမ်းရေးကော်မတီလည်း လှုပ်ရှားနေပြီ။ ဦးဝမ်းသူမောင်၊ ဒီးဒုတ်ဦးဘချိုတို့ ချင်း-ဗမာ ချစ်ကြည်ရေးအထိမ်းအမှတ် ကျောက်တိုင် စိုက်ထူကြသည်။ စောစံဖိုးသင်းက ကရင်တောင်းဆိုချက်များနှင့် ပတ်သက်၍ ကျေနပ်စရာ မကောင်းကြောင်း ထုတ်ပြန်သည်။ ထို့နောက် ဝန်ကြီးအဖြစ်မှ နှုတ်ထွက်သည်။ ဦးစော၏ မျိုးချစ်ပါတီ ရွေးကောက်ပွဲ နိုင်သဖြင့် ကန့်ကွက်ဆန္ဒပြသူများကလည်း ပြကြသည်။ ကချင် တောင်တန်းဒေသတွင်လည်း ကချင်ပြည်နယ် ထူထောင်ရေး ကိစ္စများကို ဆောင်ရွက်လျက် ရှိကြသည်။

ကိုမြစိန်သည် ပုသိမ်မြို့က ဆန်စက်ပိုင်ရှင်၏ သားဖြစ်သည်။ ၁၉၃၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ရောက်သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ၏ အတွင်းရေးမှူး၊ အိုးဝေ မဂ္ဂဇင်းအယ်ဒီတာ စသည်ဖြင့်၊ သမဂ္ဂနိုင်ငံရေးကို ထမ်းရွက်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် Films & Follies အမည်ရှိ စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးခဲ့သည်။

အင်္ဂလိပ် ဝင်လာသောအခါ ပုသိမ်အမျိုးသားကျောင်းအုပ်၊ ဖဆပလဥက္ကဋ္ဌ စသောနေရာများမှ ပြည်သူ့ဝန်ကို ထမ်းခဲ့သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်တွင် ဥပဒေတန်းတက်ကာ ကမ္ဘာ့ရေးရာ အသင်းကြီး၏ အတွင်းရေးမှူးတာဝန်ကို ယူခဲ့သည်။ ကိုမြစိန်သည် ဒုတိယကမ္ဘာစစ်ကြီး ပြီးချိန် လွတ်လပ်ရေး ကြိုးပမ်းနေသော လက်ရှိနိုင်ငံရေး အခင်းအကျဉ်းကို စိတ်မောမောဖြင့် စဉ်းစားနေမိသည်။ သတင်းစာများမှာ ထင်တာတွေ ရေးနေကြသည်။ တိုင်းရေးပြည်ရေး လှုပ်လှုပ်ရွရွဖြင့် ခေါင်းဆောင်ဆိုသူတွေမှာလည်း ငါ မှားမှားမှန်မှန် ငါ့အလံ ဖြစ်နေကြောင်းကိုလည်း တွေ့နေရသည်။


တောင်တွေး မြောက်တွေး တွေးရင်း အိပ်လို့မရ။ အိမ်သားများမှာ အိပ်၍နေကြပြီ။ စဉ်းစားရင်းတွေးရင်း ကျောင်းသားဘဝ လှုပ်ရှားမှုများဆီ ရောက်သွားသည်။

လွန်ခဲ့သည့် ရှစ်နှစ်ခန့်က။

ထိုစဉ်က ဗန်းမော်မြို့သို့ ကျောင်းသားအရေး ကိစ္စတစ်ခုဖြင့် သွားရောက်ခဲ့သည်။ တိုင်းရင်းသားတို့ တစ်နယ်နှင့်တစ်နယ် ကူးလူးဆက်ဆံခွင့်မရအောင် နယ်ခြားဖြတ်သန်းရေး ဥပဒေကို အသုံးပြုခြင်းကြောင့် မြန်မာပြည်မြောက်ပိုင်းသို့မရောက်ခဲ့ဖူးချေ။ ဗန်းမော် ရောက်သောအခါ ဗိုလ်တဲတစ်ခုတွင် တည်းသည်။ အိမ်အောက်မှ ရက်ကန်းခတ်သူလေးများကို ခိုးကြည့်ရသည်မှာလည်း အရသာ။ "ဗန်းမော်မြို့ဟာ သာယာလှပတဲ့ မြို့ကောင်းတစ်ခုပဲ။ ဟိုစဉ်တုန်းကတော့ ဈေးနာရီစင်နဲ့ပေါ့၊ တော်တော်မြင့်တယ်။ ဗန်းမော်သူ ဗန်းမော်သားတွေကလည်း ချစ်ချင်စရာပဲ။ ဗမာပြည် ဘယ်နေရာမှာမှ မစားဖူးတဲ့ လခွိုင်စီခေါ်တဲ့ ခေါက်ဆွဲချဉ်လည်းရတယ်"ဟု မှတ်ချက်ချခဲ့သည်။

ကိုမြစိန်သည် ဗန်းမော်သပိတ်ဝန်နှင့် တွေ့ပြီးနောက် ကားဟောင်းလေး





ခရီးသည်

ရေးသူ-မြစိန်

ညက အတော် ညဥ့် နက် မှ အိမ်ပြန် ...က်တယ်။

...တံခါးကို အသာကလေး ကလန့်ချခဲ့ ... အိပ်ခန်းထဲ ဝင်ခဲ့တယ်၊ အိမ်သားတွေ

ငှားကာ ကျောင်းသားများနှင့်အတူ နမ့်ခမ်းသို့ ထွက်ခဲ့ကြသည်။ ဆောင်းတွင်းမို့ အေးစိမ့်ကာ မြူများဖြင့် ပိတ်နေသည်။ ချိုးကူသံလေးကြောင့် လွမ်းစရာလည်းကောင်း၊ ကြည်နူးစရာလည်း ကောင်းနေသည်။ တောင်များမှာ မရေတွက်နိုင်၊ တောင်ကွေ့များမှာလည်း မရေနိုင်တော့ပြီ။ လမ်းတွင် လူနေအိမ်ခြေ အလွန်နည်းသည်။ တစ်ခါတစ်ခါ ပေါက်ချွန်းထမ်းလာသော တရုတ်လမ်းပြင်သမားများကို တွေ့ရသည်။ တောင်ပေါ်လမ်းများသည် ပိုးမွေးသလို ဂရုစိုက်နိုင်မှတော်ရုံရှိကြသည်။ နမ့်ခမ်းရောက်ဖို့ ဝေးသေးသော်လည်း ကားဟောင်းလေးက ဆက်မရုန်းနိုင်တော့။ ချော့၍ နှိုးသော်လည်း စက်မနိုးတော့ပေ။

ထို့ကြောင့် ကားပျက်ရာနှင့် မလှမ်းမကမ်းတွင် ရှိသော ဂျင်းဖောတဲလေးသို့ ချီတက်ကြသည်။ ယနေ့ည ဖို့တဲလေးတွင်အိပ်ပြီး မနက်ကားကြုံစောင့်ကာ နမ့်ခမ်းသို့ ဆက်သွားရတော့မည်။ ဂျင်းဖောမိသားစုသည် ညှို့ဝတ်ကျေကြရှာသည်။ မရှိရှိတာကို အိတ်သွန်ဖာမှောက် ချကျွေးသည်။ ထမင်းနှင့် မျောက်ဥကို တန်ဖိုးမဖြတ်နိုင်။ ဂျင်းဖောအဘိုးကြီး နှစ်ယောက်၊ အမယ်ကြီး တစ်ယောက်နှင့် သမီးပျိုကလေး တစ်ယောက်ဖြစ်သည်။ "ဂျင်းဖော အမျိုးသမီးလေးမှာ ကိုယ်လုံးကိုယ်ပေါက်ကောင်းပြီး မျက်နှာကလေးမှာ သနားကမား။ အပျိုဆိုတော့ နဖူးပေါ်မှာ ဆံနုထားတဲ့အပြင် ဆံတောက်မှာ ပခုံးကို ထိသည်အထိ ရှည်တယ်။ ခါးမှာ ကျိန်ခါးပတ် ပတ်ထားတယ်"ဟု အမှတ်ရခဲ့သည်။

အဘိုးကြီးတစ်ဦးက စစ်သားလုပ်ဖူးသည်။ ယခုမှ တောင်ယာ လုပ်ကိုင်ကာ အေးအေးနေနေခြင်း ဖြစ်သည်။ သူတို့က ခေါင်ရည်ကိုရေသောက်သလိုသောက်နိုင်သည်။ ညဘက် အေးလာသောအခါ မီးဖိုပေးလေသည်။ တောင်ပေါ်ချမ်းနည်းက ဆိုးလွန်းလှသည်။ အိပ်မရသည့်အဆုံး ဂျင်းဖောစကားသင်ကြသည်။ ဗန်းမော်သား တစ်ယောက်က စကားပြန်ပေးသည်။ ကိုမြစိန်မှာ ဂျင်းဖောတို့၏ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့သုတများ ကောင်းကောင်း ရလိုက်သည်။ "ကားပျက်ပေလို့ ဂျင်းဖောအကြောင်း သိရတယ်။ ဗန်းမော်မရောက်မီက ဂျင်းဖောကို ကြားသာကြားဖူး၊ မမြင်ဖူးဘူး။ မတွေ့ဖူးဘူး။ ယခုတဲမှာ ဂျင်းဖောမိသားစုကို တွေ့ခဲ့ သိခဲ့ရတယ်"ဟု မှတ်တမ်းတင်ခဲ့သည်။

ကိုမြစိန်သည် အတိတ်ကိုတွေးနေရင်းမှ ပစ္စုပ္ပန်သို့ ရောက်လာပြန်သည်။ အနာဂတ်ကိုတော့ မတွေးချင်သေး။ ခပ်အေးအေး ခပ်ဖြေးဖြေး လုပ်ကြဖို့တော့ လိုသည်။ ဒီလိုမလုပ်ကြရင် သွေးထွက်သံယိုမှုတွေကြောင့် ရာဇဝင်ရိုင်းဦးမယ် ထင်တယ်။ နိုင်ငံရေးသမားတွေ အရှင်မနေတတ်ကြရင် အတူတူ အသေဖြစ်ကုန်ကြမည်မှာအမှန်။ ကိုမြစိန် အိပ်ချင်လှပြီ။ ဖယောင်းတိုင်မီးကို မမှုတ်မိ ကြည့်မိသည်။ မီးမှုတ်လိုက်လျှင် အမှောင်ထုကြီး ဝင်စီးတော့မယ်။ သို့သော် မကြာမီ လအနည်းငယ်တွင် နိုင်ငံတော်လုပ်ကြံမှုကြီး ဖြစ်ခဲ့လေတော့သည်။ အမှောင်ထုကြီး အတွင်း သွေးထွက်သံယိုမှုများ ဝင်စီးခဲ့လေပြီ။

ရည်ညွှန်း - ၁၉၄၇၊ ဧပြီလထုတ် တာရာမဂ္ဂဇင်း




ကလေးသူငယ်များအပေါ်
လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်
အမြတ်ထုတ်မှုများ ဖြစ်ပေါ်ပါက
တိုင်ကြားရန်ဖုန်းနံပါတ်များ
၀၆၇-၄၀၄၉၉၉၊ ၀၆၇-၄၀၄၂၂၂

# မြန်မာ့ငြိမ်းချမ်းရေး ကြိုးပမ်းမှုဖြစ်စဉ်တွင် ကချင်ပြည်နယ်မှ အမျိုးသမီး ၉.၀၅ ရာခိုင်နှုန်း ပါဝင်


မြစ်ကြီးနား ဖေဖော်ဝါရီ ၂၂

USAID (United State Agency International Development) ၏ အစီအစဉ်ဖြင့် Nonviolent Peaceforce က မျက်မှောက်ခေတ် မြန်မာ့ငြိမ်းချမ်းရေး ကြိုးပမ်းမှုဖြစ်စဉ်နှင့် သက်ဆိုင်သော လုပ်ရှားမှု၌ ပါဝင်နေသည့် အမျိုးသမီးများနှင့် အဖွဲ့အစည်းများကို စာရင်းပြုစုရာ တစ်နိုင်ငံလုံးတွင် ကချင်ပြည်နယ်မှ အမျိုးသမီးပါဝင်မှု ၉. ၀၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံးရှိ ငြိမ်းချမ်းရေးတွင် ပူးပေါင်းပါဝင်နေသော အမျိုးသမီးများကို ပြည်နယ်နှင့်တိုင်းအလိုက် မြေပုံကားချပ်များ အသီးသီး ပြုလုပ်ထားပြီး ထိုမြေပုံတွင် အများပြည်သူနှင့်ဆိုင်သည့် လူမှုအဖွဲ့အစည်း၊ လွှတ်တော်၊ သတင်းမီဒီယာ၊ နိုင်ငံရေးပါတီ၊ တစ်သီးပုဂ္ဂလ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများဟူ၍ အဖွဲ့များခွဲကာ ဖော်ပြထားသည်။

ကချင်ပြည်နယ်ကို ဖော်ပြထားသော ပုံကားချပ်အရ ကချင်ပြည်နယ်အတွင်းရှိ ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် သက်ဆိုင်သော လုပ်ရှားမှုများတွင် သက်ဆိုင်ရာအဖွဲ့အလိုက် ဦးဆောင် ပါဝင်နေသော အမျိုးသမီးဦးရေ စုစုပေါင်း ၆၁ ဦးရှိ၍ အများပြည်သူနှင့်ဆိုင်သည့် လူမှုအဖွဲ့အစည်းတွင် ဦးဆောင်ပါဝင်နေသော အမျိုးသမီးဦးရေ ၄၈ဦး၊ လွှတ်တော်တွင် အမျိုးသမီး ၄ ဦး၊ သတင်းမီဒီယာတွင် ၁ဦး၊ နိုင်ငံရေးပါတီတွင် အမျိုးသမီး ၇ဦး၊ တစ်သီးပုဂ္ဂလ ၁ဦး ရှိနေပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း၊ အစိုးရနှင့် တရားဝင်လမ်းကြောင်းအရ ငြိမ်းချမ်းရေးတွင် ပါဝင်သော အဖွဲ့အစည်းများ နေရာတွင် အမျိုးသမီးဦးဆောင်ပါဝင်မှု လစ်လပ်နေကြောင်း တွေ့ရသည်။

မျက်မှောက်ခေတ် မြန်မာ့ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် သက်ဆိုင်သော လှုပ်ရှားမှုများတွင် ပါဝင်နေသော ကချင်ပြည်နယ်အတွင်းရှိအမျိုးသမီးဦးရေသည် ကဏ္ဍအလိုက်ကြည့်လျှင် စီးပွားရေးကဏ္ဍတွင် ၃ ရာခိုင်နှုန်း၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်တွင် ၄ ရာခိုင်နှုန်း၊ နိုင်ငံရေးတွင် ၂၁ရာခိုင်နှုန်း၊ လုံခြုံရေးပိုင်းတွင် ၃ ရာခိုင်နှုန်း၊ လူမှုရေးတွင် ၆၉ရာခိုင်နှုန်းထိရှိနေပြီး လူမှုရေးကဏ္ဍတွင် အမျိုးသမီးဦးဆောင်ပါဝင်မှုသည် အခြားကဏ္ဍများထက် ပိုမိုများပြားနေကြောင်း တွေ့ရသည်။




Nonviolent Peaceforce ၏လေ့လာချက်အရ မြန်မာတစ်နိုင်ငံလုံး ငြိမ်းချမ်းရေးတွင် ပါဝင်ပံ့ပိုးနေသော အမျိုးသမီးများမှာ ၆၇၄ ဦး၊ ငြိမ်းချမ်းရေးတွင် ပါဝင်နေသော ကိုယ်စားပြုအဖွဲ့အစည်း ၃၈၃ဖွဲ့၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ တက်ရောက်နေသော အမျိုးသမီး ၁၄၆ ဦး ရှိကြောင်း သိရသည်။

ယင်း အချက်အလက်များကို ၂၀၁၈ ဩဂုတ်လမှ ၂၀၁၉ ဇန်နဝါရီလအတွင်း ကောက်ခံခဲ့ပြီး မြေပုံများတွင် ပါဝင်သော အမျိုးသမီးများသည် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံတွင် ဆွေးနွေးသော အဓိကကဏ္ဍငါးခုနှင့် စပ်လျဉ်း၍ ၎င်းတို့၏ ကျွမ်းကျင်ရာနယ်ပယ်များကို မိမိတို့ကိုယ်တိုင် သတ်မှတ် ဖော်ပြကြသည်။

ထိုသို့ မြေပုံကားချပ်ပြုလုပ်ကာ ဖော်ပြခြင်းသည် သက်ဆိုင်ရာ သင်တန်းများ၊ အစည်းအဝေးများနှင့် ပွဲများတွင် ပိုမိုများပြားသော အမျိုးသမီးများ တက်ရောက်နိုင်ရန်အတွက် ဖိတ်ကြားရာတွင် အသုံးပြုရန်၊ နည်းပညာဆိုင်ရာ ကျွမ်းကျင်အမျိုးသမီးများကို ရှာဖွေနိုင်ရန်၊ အမျိုးသမီးများ ထုတ်ဝေသော သုံးသပ်ချက်များနှင့် အစီရင်ခံစာများကို ပို၍ ဖတ်နိုင်ရန်၊ ဦးဆောင်ဆွေးနွေးသူများအဖြစ် အမျိုးသားများချည်းသာ ပါဝင်နေသည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ တက်ရောက်ခြင်း သို့မဟုတ် စီစဉ်ဆောင်ရွက်ခြင်းများကို ရှောင်ရှားနိုင်ရန်၊ အဓိကကိစ္စရပ်များတွင် ကျွမ်းကျင်ပိုင်နိုင်သော အမျိုးသမီးများ ပေါ်ပေါက်လာစေရေးအတွက် ကူညီပံ့ပိုးပေးရန် ရည်ရွယ်ကြောင်း သိရသည်။

ထို့အပြင် ကာလရှည်ကြာဖြစ်ပေါ်နေသော ပဋိပက္ခများကို ဖြေရှင်းရာ၌ လိုအပ်သော အရည်အချင်းများရှိသည့် အမျိုးသမီးများ မြန်မာနိုင်ငံတွင် “မရှိ”ဟူသော အဆိုကိုပုံကားချပ်များ ဖော်ပြခြင်းအားဖြင့် တုံ့ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

Ann

Myu Myat Myat Pan

# နွေရာသီ အားကစားသင်တန်း တက်ရောက်နိုင်ပြီ

ဖေဖော်ဝါရီ ၂၂

ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ အားကစားနည်း ၁၇ မျိုးပါဝင်သည့် နွေရာသီအားကစား သင်တန်းကို ဖေဖော်ဝါရီ ၂၅ ရက်နေ့မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားသင်တန်းကို အသက်အရွယ် အကန့်အသတ်မရှိ တက်ရောက်နိုင်ပြီး သင်တန်းကာလကိုမတ်လ ၂၀ ရက်နေ့အထိ ဖွင့်လှစ်သွားမည်ဟု ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးမောင်က ပြောသည်။

“ကျောင်းပိတ်တဲ့ကလေးတွေ၊ စာမေးပွဲဖြေပြီးတဲ့ ကလေးတွေ သူတို့ သင်တန်းတွေလည်း တက်ချင်တယ်။ အားကစားလည်း လုပ်ချင်တဲ့သူတွေနွေရာသီအားလပ်ရက်မှာ အလကားမကုန်ဆုံးဘဲ အားကစားလုပ်လို့ ရအောင် ဖွင့်ပေးတာပေါ့။ ဒီနှစ်က နည်းနည်းစောပြီး ဖွင့်လိုက်တယ်။ ကလေးတွေ ခရီးထွက်တာမျိုးတွေ ရှိတော့ ဒီတစ်ခေါက်က စောပြီး ဖွင့်လိုက်တာပါ”ဟု ဒေါ်ဖြိုးဖြိုးမောင်က ပြောသည်။

ဘောလုံး၊ အေရိုးဗစ်/ Fitness Dance၊ ပြေးခုန်ပစ်၊ ဘော်လီဘော၊ တင်းနစ်၊ ကရာတေးဒို၊ ပိုက်ကျော်ခြင်း၊ ကာယဗလ/အလေးမ၊ စားပွဲတင်တင်းနစ်၊ မြန်မာ့ရိုးရာခြင်း၊ ဘတ်စကက်ဘော၊ လက်ဝှေ့၊ ဝူရှူး၊ ရိုးရာလက်ဝှေ့၊ ကြက်တောင်၊ ဂျူဒို၊ မြန်မာ့သိုင်း စသည့် အားကစားနည်း ၁၇ မျိုးကို သင်ကြားပေးသွားမည် ဖြစ်ကြောင်း ကချင်ပြည်နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ သိရသည်။

သင်တန်းဆရာများ အနေဖြင့် ကချင်ပြည်နယ်တွင်ရှိသည့် မြန်မာ့လက်ရွေးစင်ကစားသမားဟောင်းများက သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်းလည်း ဒေါ်ဖြိုးဖြိုးမောင်က ပြောသည်။

အားကစားနည်း ၁၇ မျိုးအနက် ဘောလုံးအားကစားနည်းကိုမူ Old Star ဘောလုံးအသင်း၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်နှင့် ပြည်နယ်တို့မှ ပူးပေါင်းကာ လုပ်ဆောင်သွားမည်ဖြစ်ပြီး ဘောလုံးပြိုင်ပွဲသီးသန့်လည်း ကျင်းပပေးသွားမည်ဟုလည်း သိရသည်။

ဘောလုံး အားကစားနည်းတွင် အုပ်စုနှစ်စု ခွဲကာ ငြိမ်းချမ်းသာယာ ဘောလုံးကွင်းနှင့် ပြည်နယ်ဘောလုံးကွင်းတို့တွင် လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်သည်။

အဆိုပါအားကစားနည်း ၁၇ မျိုးအနက် ဘောလုံးအားကစားနည်းမှာ သင်တန်းသူ၊ သင်တန်းသား အများဆုံးဖြစ်ပြီးယခင်နှစ်က သင်တန်းတက်ရောက်သူ ၆၀၀ ကျော်ခန့် ရှိခဲ့သည်ဟုလည်း သိရသည်။

Salai








**ငြိမ်းချမ်းရေးစကား**

ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၆ ရက်နေ့က ဝိုင်းမော်မြို့ ဝါရှောင်ဆရာတော် ဦးဝိဇယရဲ့ မွေးနေ့ကို ဝါရှောင်ကျေးရွာမှာရှိတဲ့ သီတလရုံသီကျောင်းတိုက်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

WALK TOGETHER ON COMMON PLAT FORM - ညီညွတ်ငြိမ်းချမ်း တူညီလှမ်းဆိုပြီး ငြိမ်းချမ်းရေးစကားဝိုင်း ပြုလုပ်ပေးခဲ့တာပါ။

သိပ်ကိုကောင်းတဲ့ အစီအစဉ်လေးပါပဲ။ မွေးနေ့က ဒီဇင်ဘာ ၇ ရက်နေ့မှပါ။ တစ်ရက်ကြိုပြီး စီစဉ်လိုက်ကြတာပါ။ ငြိမ်းချမ်းရေးစကားဝိုင်းမှာ တတ်နိုင်တဲ့ အခန်းကဏ္ဍကနေ ပါဝင်ဖို့ ဆရာတော်ဘုရားရဲ့ ဖိတ်ခေါ်မှုကို ဝမ်းသာအားရ လက်ခံမိခဲ့ပါတယ်။

ဝါရှောင်မှာ နှစ်စဉ်ကျင်းပတတ်တဲ့ အမေနေ့ပွဲတွေကိုလည်း မတက်ဖြစ်တာ ကြာပြီမို့ တက်ဖြစ်အောင် တက်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ ငြိမ်းချမ်းရေးစကားဝိုင်းမှာ စာဖတ်ဝါသနာပါတဲ့ မိတ်ဆွေတွေနဲ့ ပူးပေါင်းပြီး ကဗျာရွတ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

“ညီညွတ်ငြိမ်းချမ်း တူညီလှမ်း” စကားဝိုင်းမှာ ကဗျာအနုပညာနဲ့ ပူးပေါင်းတင်ဆက်ခွင့်ရလို့ ပျော်ရတယ်။

**အသံများ**

ဒီပွဲမှာ အသံတွေ ကြားရတယ်။ ဒေသခံပြည်သူ၊ ဒေသခံ လူငယ်တွေရဲ့ ငြိမ်းချမ်းရေးကို လိုလားတဲ့ အသံတွေ ကြားရတယ်။

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ စကားတစ်ခုကို သတိရမိတယ်။

“ကျမတို့ ကိုယ်စားပြုတဲ့ တိုင်းရင်းသားပြည်သူတွေ မျက်နှာမူရတဲ့ လူထုတွေ၊ တာဝန်ခံရမယ့် အောက်ခြေပြည်သူလူထုတွေ၊ တာဝန်ခံရမယ့် အောက်ခြေပြည်သူတွေအတွက် ကျမတို့အားလုံး တာဝန်ခံမှု၊ တာဝန်ယူမှု၊ တာဝန်သိမှု ရှိကြဖို့ တစ်နည်းပြောရရင် ကျွန်မတို့အားလုံးသတ္တိရှိကြဖို့ပဲဖြစ်ပါတယ်။ ကျမတို့ အားလုံးရဲ့ နှလုံးတင်မက ဦးနှောက်ကိုပါ ဖွင့်ထားကြဖို့ အရေးကြီးပါတယ်”တဲ့။

ငြိမ်းချမ်းဖို့အတွက် ကျွန်တော်တို့မှာ သတ္တိတွေ ရှိကြဖို့လိုပါတယ်။ ခွင့်လွှတ်ရဲတာ၊အများအကျိုး၊ ပြည်သူ့အကျိုးကြည့်ပြီး ငြိမ်းချမ်းရေး ယူရဲတာ၊ ပေးဆပ်ရဲတာ သတ္တိပဲပေါ့။ အဲ့ဒီငြိမ်းချမ်းရေး တံခါးလေးသာ ပွင့်ကြည့်၊ကျွန်တော်တို့တကယ် ငြိမ်းချမ်းကြမှာပါပဲ။

“ညီညွတ်ငြိမ်းချမ်း တူညီလှမ်း”မှာ အားလုံးသောသူတွေရဲ့ ပန်းတိုင်ဟာ တစ်ခုတည်းပါပဲ။ ငြိမ်းချမ်းရေးပါပဲ။

ငြိမ်းချမ်းရေး သီချင်းသံ ဝတ်မွတ်နေကြတာပါပဲ။

**မုန်းရတာ ပျင်းလာပြီ**

ဆရာတော် ဦးဝိဇယရဲ့ မွေးနေ့မှာ တက်ရောက်လာတဲ့သူတွေရဲ့ ရင်တွင်းစကားသံတွေကိုလည်း မှတ်တမ်းတင်ထားကြတာ တွေ့ရတယ်။အဖြူရောင် ဗွီနိုင်းစကြီးပေါ်မှာ ငြိမ်းချမ်းရေး လိုလားတဲ့ အသံတွေ ပြေးလွှား ကခုန်နေတာပါပဲ။ သူများတွေ ရေးတာတွေ့တော့ ကိုယ်လည်း ဝင်ရေးမိတာပါပဲ။

ငြိမ်းချမ်းသော တစ်နေ့သို့၊ ငြိမ်းချမ်းသော ဘဝသို့ ကျွန်တော်တို့ နှလုံးသားစကြပါစို့။

ရှမ်းတိုင်းရင်းသူလေး တစ်ယောက်က ဒီလိုရေးထားတယ်။“မုန်းရတာ ပျင်းလာပြီ”တဲ့။

**ချစ်ကြရအောင်ပါ**

မုန်းရတာ ပျင်းလာပြီ။

အမုန်းတရားဆိုတာ ငြိမ်းချမ်းရေးရဲ့ ဟိုဘက်မှာ ရှိတဲ့အရာ။ ငြိမ်းချမ်းရေးနဲ့ ဝေးကွာစေတဲ့အရာ။

ပြည်သူလူထုဟာ ငြိမ်းချမ်းရေး ရချင်တယ်။ စစ်ပွဲတွေရပ်ချင်တယ်။ အိုးပစ်၊ အိမ်ပစ်၊ လယ်ပစ်၊ ယာပစ် ဘဝနဲ့ ဒုက္ခသည်စခန်းတွေမှာ အသက်ကိုမွေးမြူရတာ မပျော်ရွှင်ကြပါဘူး။

ပြည်သူလူထုရဲ့ နှလုံးသားထဲက ငြိမ်းချမ်းရေးချိုင့်ငှက်တွေအတွက် ငြိမ်းချမ်းရေးရမယ့်တစ်နေ့ကို သေနတ်သံတွေကြား၊ ဗုံးသံတွေကြား နားစွင့်နေကြရတာ မဟုတ်လား။ သေနတ်ဖျားကနေ ပန်းဟာဘယ်တော့မှ ပွင့်လာမှာ မဟုတ်တာ အသေအချာပါပဲ။ သေချာတာကတော့ သေနတ်ဖျားကနေ သေပန်းပဲ ပွင့်စေတာပါ။

ကဗျာဆရာ မောင်မှိုင်းလွင်(အင်း၀)ရဲ့ ကဗျာစာသားတစ်ခုလိုပေါ့။

“ကျည်ဆန်က
ကျည်ဆန်အစစ်
သေနတ်က သေနတ်အစစ်
လူကသာ လူမစစ်တာ”

**စစ်ကျန်**

ဂျာမန်စကားပုံတစ်ခု ရှိတယ်။ “စစ်ပွဲကြီးတစ်ပွဲပြီးရင်တိုင်းပြည်မှာ ကျန်ခဲ့တာ
(၁)မသန်စွမ်းတွေရယ်
(၂) ဝမ်းနည်းကြေကွဲနေသူတွေရယ်
(၃) အကျင့်ပျက်နေသူတွေရယ်
ဒါတွေအဖတ်တင်ကျန်ရစ်ခဲ့တယ်”တဲ့။

စစ်ပွဲတွေကို ကျွန်တော်မုန်းပါတယ်။ တရားသော စစ်ဖြစ်ဖြစ်၊မတရားသောစစ်ဖြစ်ဖြစ်၊ ဘယ်စစ်ပွဲဖြစ်ဖြစ် ကျွန်တော်တို့ မုန်းကြပါတယ်။

**ကိုယ်ပိုင်ငြိမ်းချမ်းရေး**

“ညီညွတ်ငြိမ်းချမ်း တူညီလှမ်း” ငြိမ်းချမ်းရေးစကားဝိုင်းမှာချင်းပြည်နယ်ဝန်ကြီးဟောင်းတစ်ဦးဖြစ်တဲ့ ဦးအိုက်ဇက်ခင်လည်း ပါဝင်ပါတယ်။

ကျွန်တော်တို့ ကဗျာရွတ်တော့ သူလည်း ကဗျာရွတ်ချင်စိတ်ပေါ်လာလို့ ကဗျာလေးတစ်ပုဒ် ရွတ်ပါရစေဆိုပြီး ငြိမ်းချမ်းရေးကဗျာတစ်ပုဒ်တောင် ရွတ်ခဲ့ပါသေးတယ်။

အဲ့ဒီစကားဝိုင်းလေးမှာ သူပြောတဲ့စကားလေးတစ်ခုကို သဘောကျမိတယ်။

“ကျွန်တော်တို့ ငြိမ်းချမ်းရေးရဖို့ ကျွန်တော်တို့ ကိုယ်တိုင်က ငြိမ်းချမ်းကြရမယ်တဲ့။ ကိုယ်တိုင် စပြီး ငြိမ်းချမ်းကြရမယ်တဲ့။ ကျွန်တော်ဟာ ခင်ဗျားအတွက် အန္တရာယ်မဟုတ်ဘူးဆိုတာ ပြသကြဖို့ လိုတယ်”တဲ့။

သဘောကျလိုက်ရတာ။

ဟုတ်တယ်။ ကျွန်တော်တို့ လူမှုအသိုင်းအဝိုင်းမှာ မိမိဟာ သူတစ်ပါးအတွက် အန္တရာယ် မဖြစ်ပါဘူးဆိုတာပြသဖို့လိုပါတယ်။ သူကလည်း သူဟာ တခြားသူအတွက် အန္တရာယ်မဟုတ်ပါဘူးဆိုတာ ပြသဖို့ လိုပါတယ်။

တစ်ဦးတစ်ယောက်ဟာ တစ်ဦးတစ်ယောက်အတွက် အန္တရာယ်မဟုတ်ကြောင်းပြသနိုင်ပါမှ ငြိမ်းချမ်းရေးဟာ ပြသနိုင်မှာ မဟုတ်လား။ ပြောရရင် ကိုယ်ကစပြီး ကိုယ်ပိုင်ငြိမ်းချမ်းရေး တည်ဆောက်ရမယ့် နည်းလမ်းတစ်ခုပေါ့။

ကျွန်တော်ဟာ ခင်ဗျားအတွက် အန္တရာယ်မဟုတ်ဘူးဆိုတာပြသနိုင်ရင်၊သူကလည်း ပတ်ဝန်းကျင်အတွက် အန္တရာယ်မဟုတ်ဘူးဆိုတာ ပြသနိုင်ရင် ငြိမ်းချမ်းရေးဟာ ဖြစ်တည်လာမှာပါ။

လမ်းမှာ တွေ့တဲ့အခါ ကျွန်တော်ဟာ ခင်ဗျားအတွက်အန္တရာယ်မဟုတ်ဘူး။

လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်ဟာ ခင်ဗျားအတွက်အန္တရာယ်မဟုတ်ဘူး။

ဘုတာရုံမှာ၊ ရုပ်ရှင်ရုံမှာ တွေ့တဲ့အခါ ကျွန်တော်ဟာ ခင်ဗျားအတွက် အန္တရာယ်မဟုတ်ဘူး။

ကချင်လူမျိုးဟာ ရှမ်းလူမျိုးအတွက် အန္တရာယ်မဟုတ်ဘူး။ ရှမ်းဟာ ကချင်အတွက် အန္တရာယ်မဟုတ်ဘူး။ ရခိုင်ဟာ ဗမာအတွက် အန္တရာယ်မဟုတ်ဘူး။ ဗမာဟာ ရခိုင်အတွက် အန္တရာယ်မဟုတ်ဘူး။ ရခိုင်ဟာ ကချင်အတွက် အန္တရာယ်မဟုတ်ဘူး။ ကျွန်တော်ဟာ ခင်ဗျားအတွက် အန္တရာယ်မဟုတ်ဘူး။ ကျွန်တော်ဟာ ခင်ဗျားအတွက် ခလုတ်ကန်သင်း မဟုတ်ဘူး။

ကျွန်တော်ဟာ ခင်ဗျားအတွက် ဓားတစ်လက် မဟုတ်ဘူး။

ကျွန်တော်ဟာ ခင်ဗျားအတွက် ဘေးကင်းပါတယ်။

ကျွန်တော်ဟာ ခင်ဗျားအတွက်. . .။

ကျွန်တော်ဟာ ခင်ဗျားအတွက်. . .။

ရန်ကိုရန်ချင်း မတုံ့နှင်းကြဘဲ၊ သေနတ်ကို သေနတ်နဲ့မဖြေရှင်းကြဘဲ၊ အမုန်းတရားတွေ၊ အာဃာတ တရားတွေဘေးဖယ်ပြီး ကျွန်တော်ဟာ ခင်ဗျားအတွက် အန္တရာယ်မဟုတ်ဘူးဆိုတဲ့ ယုံကြည်ချက်တစ်ခု တည်ဆောက်ထားနိုင်ကြရင် ဘယ်လောက်ကောင်းမလဲ။

ဓမ္မပဒမှာ

“ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်။

ရန်တုံ့မမူသဖြင့် သာလျှင် ရန်တို့သည် ငြိမ်းကုန်၏။

ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘောပေတည်း”လို့ ပါရှိပါတယ်။ ငြိမ်းချမ်းဖို့အတွက် အားလုံးရဲ့ ရင်ထဲ အေးချမ်းဖို့ လိုနေတာပါပဲ။

ကျွန်တော်တို့ ဘာကို တည်ဆောက်ကြမလဲ။ သားစဉ်မြေးဆက်အတွက် ငြိမ်းချမ်းရေးအမွေ ပေးခဲ့မှာလား။ ခြေပြတ် လက်ပြတ်တွေ ပေးခဲ့မှာလား။ ဗုံးခိုကျင်းတွေ ပေးခဲ့မှာလား။

တကယ်တော့ ညီညွတ်ငြိမ်းချမ်းတူညီလှမ်းဖို့ဆိုရင် တကယ် လိုအပ်နေတာက ကျွန်တော်ဟာ ခင်ဗျားအတွက် အန္တရာယ်မဟုတ်ဘူးဆိုတဲ့ စိတ်တွေ၊ ကျွန်တော်ဟာ ခင်ဗျားအတွက် ဆူးခင်းလမ်းမဟုတ်ဘူးဆိုတဲ့ စိတ်တွေ. . . . .။ ။

# မြစ်ကြီးနားမြို့တွင် ဒုတိယအကြိမ်ပြုလုပ်မည့် ကျောက်မျက်ရတနာပြပွဲတွင် အတွဲပေါင်း ၂၀၀၀ ခန့် ပြသနိုင်ရန် စီစဉ်နေ

ဖေဖော်ဝါရီ ၂၂



မြစ်ကြီးနားမြို့တွင် ဒုတိယအကြိမ်မြောက် ကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေလတွင် ပြုလုပ်သွားမည်ဖြစ်ပြီး အတွဲပေါင်း ၂၀၀၀ ခန့် ပြသရောင်းချနိုင်ရန် စီစဉ်နေကြောင်း ပြည်နယ်ကျောက်မျက်လုပ်ငန်းရှင်များ အသင်းထံမှ သိရသည်။

ပြပွဲကို မေလ ၂၉ ရက်နေ့မှစတင်ကာ ၅ ရက်ကြာ ကျင်းပပြုလုပ်ရန် လျာထားပြီး ကျောက်မျက်အရိုင်းတုံးများကို အဓိကပြသရောင်းချမည်ဖြစ်ကြောင်း ပြည်နယ်ကျောက်မျက် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇေလွမ်းမှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီတစ်ခေါက်ကတော့ ပြည်နယ်အစိုးရအဖွဲ့ အစီရင်ခံစာ ပို့ထားတယ်။ ပြီးတော့ ကျောက်မျက်အသင်းချုပ်ကိုလည်း ပါဝင်ပေးဖို့ ပူးပေါင်း ဆောင်ရွက်ပေးဖို့ ပြောထားတယ်"ဟု ဦးဇေလွမ်းမှ ပြောသည်။

ပြီးခဲ့သည့် ပထမအကြိမ်ပြပွဲတွင် ကျောက်မျက်အချောထည် ရောင်းချလိုသူများအား ဝင်ကြေးကောက်ခံခဲ့သော်လည်း ယခုအကြိမ်တွင်မူ ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်ပြသ ရောင်းချနိုင်ရန် စီစဉ်နေကြောင်းလည်း သိရသည်။

"ဒီတစ်ခေါက်လည်း အဓိကကတော့ အရိုင်းပါပဲ။ အချောထည်ကတော့ အရင်နှစ်က ဘာဖြစ်သွားလဲဆိုတော့ အဝင်မှာ တစ်ယောက် သုံးသောင်းဆိုပြီး လုပ်လိုက်တယ်။ ကျွန်တော်တို့လည်း လုံခြုံရေးအရ လုပ်ရတာ။ အခုတော့ အချောထည်ကို အလကားဝင်ခိုင်းမယ်"ဟု ဦးဇေလွမ်းမှ ဆက်လက်ပြောဆိုသည်။

ပထမအကြိမ် ကျောက်မျက်ရတနာ ပြပွဲကို ၂၀၁၈ ခုနှစ်မတ်လ ၂၆ ရက်နေ့မှ ၃၀ ရက်နေ့အထိငါးရက်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး အတွဲပေါင်း ၃၈၈ တွဲ ပြသရောင်းချခဲ့ရာ မြန်မာကျပ်ငွေ သန်းတစ်ထောင်ခန့် ရောင်းချနိုင်ခဲ့ကြောင်းလည်း သိရသည်။

ယင်းကဲ့သို့ ကျောက်မျက်ပြပွဲများကို တစ်နှစ်လျှင် သုံးကြိမ်ခန့် ကျင်းပပြုလုပ်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ဆောင်ရခြင်းဖြစ်ကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာန
မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန

**ပြည်နယ်တွင်းသစ်အခြေခံအသေးစား၊ အငယ်စားနှင့်အလတ်စားလုပ်ငန်းများ (MSMEs) သို့ကျွန်း/ (သတ-ဖ) သစ်မာသစ်လုံးများအား ဒေသအိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်း ဒေသအိတ်ဖွင့်လေလံကြော်ငြာအမှတ် -၀၁/၂၀၁၈-၂၀၁၉ (MSMEs)**

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ တပ်ကုန်းသစ်ဆိပ်ရှိ ကျွန်း/ (သတ-ဖ)သစ်မာသစ်လုံးများကိုအောက်ဖော်ပြပါ အတိုင်း ပြည်နယ်တွင်းဒေသအိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) ရောင်းချမည့်ရက်နှင့်အချိန် - ၂၈-၂-၂၀၁၉ (ကြာသပတေး) နံနက် (၁၀း၀၀) နာရီ
(ခ) ရောင်းချမည့်အမျိုးအစားနှင့်တန် - ကျွန်း (သတ-ဖ) သစ်မာသစ်လုံး (၁၅၄.၂၁၁)တန်
(ဂ) ရောင်းချမည့်နေရာ - မန်နေဂျာရုံး၊ ပြည်တွင်းရောင်း/ စက်ဌာန၊ မြစ်ကြီးနားမြို့

၂။ ပြည်နယ်တွင်း ဒေသအိတ်ဖွင့်လေလံနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မန်နေဂျာရုံး၊ မြစ်ကြီးနားမြို့ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်နယ်တွင်းဒေသအိတ်ဖွင့်လေလံရောင်းချရေးကော်မတီ
မြန်မာ့သစ်လုပ်ငန်း၊ ကချင်ပြည်နယ်
ဖုန်း - ၀၇၄ ၂၅၂၂၃၅၂

PLAN INTERNATIONAL

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

Publication Reference: ER/MKN/LOG/19-001 ဖေဖော်ဝါရီလ (၂၀) ရက်၊ ၂၀၁၉

Plan International အဖွဲ့အစည်းသည် အကျိုးမြတ်အတွက်လုပ်ဆောင်ခြင်းမဟုတ်သော၊ အစိုးရမဟုတ်သော၊ လူမှုအကျိုးပြု အဖွဲ့အစည်းတစ်ခုဖြစ်သည်။Plan International (Myanmar) သည် ကချင်ပြည်နယ်အတွင်း အိုးအိမ်စွန့်ခွာရွှေ့ပြောင်း နေထိုင်ရသူများ ခိုလှုံရာယာယီစခန်းများတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပတ်သက်သော စီမံချက်လုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးမှုနှင့် ဆက်စပ်ပတ်သတ်သော စီမံချက်လုပ်ငန်းများ၊ အိမ်တွင်းစိုက်ပျိုးရေးစီမံချက်လုပ်ငန်းများနှင့် ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများ စသော အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို German Federal Foreign Office (GFFO) ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထိုစီမံချက်လုပ်ငန်းများကို အကောင်အထည်ဖော်ရန်အတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန် စိတ်ပါဝင်စားသူများကို ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တည်နေရာ | လုပ်ငန်းအမျိုးအစား | အရွယ်အစား | ပြီးစီးအောင်ဆောင်ရွက်ရမည့်ကာလ သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မဂါးယာန် | ရေနုတ်မြောင်းတူးဖော်တည်ဆောက်ခြင်း | အလျား၅၆၉ပေxအနံ၂ပေ x အမြင့် ၂ပေ | |
| ၂ | ဖုန်လုံယာန် | မြေထိန်းနံရံ တည်ဆောက်ခြင်း | အလျား၁၂၅ပေxအနံ၁ပေ x အမြင့် ၆ပေ | ၃၀ရက် |
| ၃ | ဝယ်ကြိုင် | ကလေးပျော်နေရာအဆောက်အဦးပြုပြင်ခြင်း | အလျား၃၀ပေxအနံ၁၅ပေ x အမြင့် ၁၂ပေ | |
| ၄ | ရှအစ်ယာန် | ရေနုတ်မြောင်းတူးဖော်တည်ဆောက်ခြင်း | အလျား၆၆၀ပေxအနံ၂ပေ x အမြင့် ၂ပေ | |
| ၅ | ဂျေယာန်း | မြေထိန်းနံရံ တည်ဆောက်ခြင်း | အလျား၄၀၈ပေxအနံ ၁၀လက်မ x အမြင့် ၇ပေ | |
| ၆ | ဂျေယာန်း | မီးသတ်ပိုက်နှင့်ရေစုပ်စက် တပ်ဆင်ခြင်း | ၂လက်မပိုက် ၁၅၀ပေ ပါဝင်သော ရေစုပ်စက် | |

အသေးစိတ်အချက်အလက်များကို တင်ဒါလျှောက်လွှာပုံစံတွင် ထည့်သွင်းဖော်ပြထားပါသည်။

ဆက်သွယ်ရန် - အမှတ် - ၇၊ ကမ္ဘေ့ဇလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ။ဖုန်း - ၀၉ ၄၂၁ ၇၅၆ ၁၄၇၊ ၀၉ ၇၉၀ ၈၇၈ ၂၃၁။
အမှတ် - ၁၅၈၊ ပြည်ထောင်စုလမ်းမကြီး၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ဖုန်း - ၀၉ ၇၉၀ ၈၇၈ ၂၃၁ ၊ ၀၉ ၂၅၇ ၃၄၀ ၅၈၄
Email: MyoMyo.Khin@plan-international.org ; KyawKyaw.San@plan-international.org

တင်ဒါလျှောက်လွှာ စတင်မည့်ရက် - ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်။
တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန် - ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်။ ညနေ (၅) နာရီ။

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဖေဖော်ဝါရီ ၂၅ ၊ ၂၀၁၉ )

# မန်ဒေါင်ကျေးရွာ အုပ်စုတွင် တရုတ်တစ်သျှူး ငှက်ပျောစိုက်ပျိုးသည့် ကုမ္ပဏီနှစ်ခု ဝင်ရောက်လုပ်ကိုင်နေ

ဖေဖော်ဝါရီ ၂၂

ဝိုင်းမော်မြို့နယ် မန်ဒေါင်ကျေးရွာအုပ်စုတွင် တရုတ်ကုမ္ပဏီများ တစ်သျှူး ငှက်ပျော စိုက်ခင်းများ ဝင်ရောက်လုပ် ကိုင်နေခြင်းကြောင့် ဒေသခံများ ကန့်ကွက်စာ တင်ထားကြောင်း သိရသည်။

တစ်သျှူးငှက်ပျော စိုက်ပျိုးသည့် ကုမ္ပဏီနှစ်ခုသည် ဇန်နဝါရီလ ၈ ရက်နေ့မှ စတင် ဝင်ရောက်လာခြင်းဖြစ်ပြီး တရုတ်တစ်သျှူး ငှက်ပျော စိုက်ပျိုးမည့် သခင်စစ်ကုမ္ပဏီသည် ဇန်နဝါရီလ ၁၈ ရက်က မန်ဒေါင်ကျေးရွာအုပ်စုရှိ လူထုနှင့် ကုမ္ပဏီများ တွေ့ဆုံပွဲ ပြုလုပ်ကာ ခဝမ်ကျေးရွာဘက်တွင် ဇန်နဝါရီလ ၂၀ ရက်နေ့မှစ၍ ဆိုင်းဘုတ်ထောင်ပြီး လမ်းများစတင် ဖောက်လုပ်နေကြပြီဖြစ်ကာ ထိန်းနိုထိဝါကုမ္ပဏီသည် လိုင်ငူယန်ကျေးရွာဘက်တွင် ဖေဖော်ဝါရီလ ၈ ရက်မှစပြီး စိုက်ခင်းအတွက် မြေပြုပြင်ထွန်ယက်ခြင်းများ ပြုလုပ်နေကြကြောင်းလည်း သိရသည်။

ယင်းသို့ ဝင်ရောက်နေမှုများကြောင့် ဒေသဆိုးကျိုးများ ဆက်တိုက်ခံစားရတော့မည်ကို စိုးရိမ်၍ ဒေသခံများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ကန့်ကွက်နေကြကြောင်း မန်ဒေါင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမဒိန်တိန်းဘောမ်က ပြောသည်။

"အုပ်ချုပ်ရေး ဘက်ကနေ ဥပဒေရှိတဲ့အတိုင်း တားမြစ်ထားပါတယ်။ အခု သူတို့လုပ်ငန်း ရပ်ဆိုင်းထားတဲ့ အခြေအနေတော့ ရှိတယ်။ မြို့နယ်ထွေ/အုပ်ကိုလည်း တင်ပြပြီး စာတွေတင်ထားပါတယ်။ မြို့နယ်ကလည်း ရပ်ဆိုင်းဖို့ ပြောထားတယ်။ ဘာသာရေး အဖွဲ့အစည်းကလည်း ကန့်ကွက်ကြောင်း စာတင်ထားပါတယ်။ ဒေသခံပြည်သူတွေနဲ့ ရပ်မိရပ်ဖတွေကတော့ ဘယ်လောက်ကန့်ကွက်ကန့်ကွက် အဆင်မပြေရင် နောက်ဆုံးအဆင့် ဆန္ဒထုတ်ဖော်ကြဖို့ အထိရည်ရွယ်ထားကြတယ်" ဟု မန်ဒေါင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမဒိန်တိန်းဘောမ်က ပြောသည်။

ယင်းကုမဏီများကို ခြံငှားရမ်းပေးသူများမှာ ဒေသခံမူးယစ်ဆေးဝါးသုံးစွဲသူများနှင့် မိဘအုပ်ထိန်းသူမသိဘဲ ငှားရမ်းပေးလိုက်သည့်သူများ ဖြစ်ကြောင်း စိုက်ခင်းနှင့် ပတ်သက်၍ ပြောဆိုခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ပြောသည်။

"ငှားပေးတဲ့သူတွေက ၄ ဧကလောက်ပဲ ငှားတာကို ၁၀ ဧကလို့ရေးပြီး ဆိုင်းဘုတ်တောင်ပြီး လုပ်ကြတယ်။ သူတို့လုပ်ကွက်ဝင်တဲ့နေရာမှာ ဒေသခံတွေရဲ့ ခြံတွေနဲ့ လယ်တွေရှိတယ်။ ဒေသခံတွေအားလုံးက လုံးဝသဘောမတူကြတာကို သူတို့က ဝင်လုပ်နေကြတာပါ" ဟု ယင်းပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

မန်ဒေါင် ဒေသခံများသည် မိမိတို့စိုက်ခင်းများ၌ နှစ်ရှည်ပင်များ ဖြစ်သည့် ကျွန်း၊ သံပရာပင်၊ တညင်းသီး၊ မက်လင်၊ လိမ္မော်ပင် စသည့်အပင်များနှင့် အခြားသီးနှံပင်များ အားလုံးကို ခုတ်ထွင်ရှင်းလင်းကာ ငှက်ပျောစိုက်ခင်းများ ဝင်ရောက်လုပ်ကိုင်နေကြောင်း ဒေသခံများက ပြောသည်။

ကျေးရွာအနေဖြင့် အဆိုပါ ငှက်ပျောစိုက်ခင်းကို ကန့်ကွက်နေရခြင်းမှာဒေသအတွက် ရေရှည်တွင် ဆိုးကျိုးများသည့်အတွက် ဒေသခံများကို နေရာပြောင်းရွှေ့ပေးခြင်း မရှိပါက ယင်းဒေသတွင် နေထိုင်ရန် အကြောင်း မရှိတော့ကြောင်း ဒေသခံများက ပြောဆိုသည်။

ငှက်ပျော စိုက်ခင်းကြောင့် ဒေသခံများ စိုက်ပျိုးထားသည့် သီးနှံပင်များပျက်စီးခြင်း၊ မြေဆီလွှာ ပျက်စီးခြင်းများ ကြုံတွေ့ရမည်ဖြစ်ပြီး ဒေသခံမဟုတ်သည့် အခြား ပြည်နယ်နှင့်တိုင်းများမှ ရောက်လာသည့် ငှက်ပျောခြံအတွင်း အလုပ်လာရောက် လုပ်ကိုင်သူများကြောင့် ခိုးဆိုးလုယက်မှုများလာခြင်း၊ ဓားထိုးမှုများလာခြင်း၊ မူးယစ်မှုများလာခြင်း၊ လောင်းကစားသမား များလာခြင်း၊ အလုပ်လက်မဲ့များလာခြင်းနှင့် တရိစ္ဆာန်များ အနာရောဂါများ ခံစားရခြင်းစသည့် ကြီးမားသည့် အန္တရာယ်များ ကြုံတွေ့လာရမည်ကို မြင်တွေ့နေရကြောင်းလည်း အုပ်ချုပ်ရေးမှူး ဦးမဒိန်တိန်းဘောမ်က ပြောသည်။

"လက်တွေ့ကတော့ ကျွန်တော်တို့ ကျေးရွာနဲ့ ကပ်နေတဲ့ မန်ဝိန်းကျေးရွာမှာ ရှိတဲ့ ချန်းရင်ခူးကုမ္ပဏီရဲ့ ငှက်ပျောခြံကြောင့် ကျွန်တော် ကျေးရွာအုပ်စုမှာရှိတဲ့ ဆင်နီခူးကျေးရွာက လိမ္မော်ပင်တွေအားလုံး အပြောင်သေကုန်ပြီ။ မြေတွေလည်း ဘာမှစိုက်လို့မရဘူး။ တိရစ္ဆာန်တွေလည်း အားလုံး အနာဖြစ်ကုန်ပြီ။ လက်ရှိလည်း အခု နွားတွေတော်တော်သေကုန်နေတယ်။ မြို့နယ်မွေးကု ဆရာဝန်နဲ့လည်း ချိတ်ဆက်ထားတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ထို့အပြင် ရွာသားများ စိုက်ပျိုးထားသည့် သီးနှံပင်၊ နှစ်ရှည်ပင်များနှင့် ဝါးပင်များကို ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ ခုတ်ယူသုံးစွဲနေကြခြင်း၊ ဒေသခံများ သုံးစွဲနေသည့် ရေများကိုလည်း ငှက်ပျောခြံအတွက် လွှဲယူလိုက်ကြသဖြင့် ဒေသခံများရေအခက်အခဲများလည်း ဖြစ်နေကြကြောင်း အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောဆိုသည်။

"ဘယ်လိုမှ ဝင်လို့မရပါဘူး။ မဟာဆိုးကျိုးဖြစ်တဲ့အတွက်ကြောင့်ပါ။ သူတို့က ရေဦးရေပေါက်ဖြစ်တဲ့နေရာကရေတွေ အားလုံးယူလိုက်ရင် ရေရှည်မှာ ကျွန်တော်တို့ ဒေသခံတွေ ဘာသုံးပြီး နေရမှာလဲ။ ဘယ်လိုမှ အဆင်မပြေဘူး။ စိုက်ခင်းဝင်ရင်ကတော့ ဆိုးကျိုးတွေက ဆက်တိုက်ခံစားရတော့မှာ ဖြစ်တယ်"ဟု အုပ်ချုပ်ရေးမှူးက တွေ့ကြုံလာရမည့် အခက်အခဲကို ထောက်ပြပြောဆိုသည်။

မန်ဒေါင်ကျေးရွာအုပ်စုသည် မန်ဒေါင်၊ ခဝမ်၊ ဇွပ်ရာ၊ မလိယန်၊ ဆနီခူး၊ လိုင်ငူယန်၊ ဘန်ဘင်း၊ နဒီခူး၊ ထိန်းဇာ၊ ဒိန်ညွှန်ကောင်၊ ဇွမ်ရာ၊ ဒွမ်ဘန်၊ ချောင်းဆုံ အစရှိသည့်ကျေးရွာ ၁၂ ရွာဖြင့် စုစည်းထားသည့် ကျေးရွာအုပ်စုဖြစ်ကြောင်းလည်း သိရသည်။

မွန်းမွန်းပန်

# ဖားကန့်ဌာနေ ဒေသခံများ ၏ အခွင့်အရေးရရှိရန် ဌာနေသားများအသင်းကို စတင်ဖွဲ့စည်း

ဖေဖော်ဝါရီ ၂၂

ဖားကန့်မြို့နယ်တွင် နေထိုင်သော ဌာနေ ဒေသခံများမှ စုပေါင်းဖွဲ့စည်းထားသော Munglawk hkawng Uru Rudi Ruhtang Hpung (ဌာနေသားများ အသင်း) ကော်မတီကိုဖေဖော်ဝါရီ ၂၂ ရက်နေ့က စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကော်မတီသည် ဖားကန့်ဌာနေသားများအားလုံးအတွက် အခွင့်အရေးများကို ထိန်းသိမ်းရန်၊ ကာကွယ်ရန်၊ ကြုံတွေလာနိုင်မည့် အခက်အခဲများကို မိမိတို့ကိုယ်တိုင် အတူတကွ ဖြေရှင်းရန် ရည်ရွယ်၍ ဖွဲ့စည်းဖြစ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဖားကန့်ဌာနေသားများသည် ရှေးယခင်က ကျောက်စိမ်းလုပ်ကိုင်ခြင်းထက် အခင်းနှင့် တောင်ယာများကိုသာ အဓိကထားလုပ်ကိုင်ခဲ့ကြသော်လည်း မျက်မှောက်ကာလတွင် ကျောက်စိမ်း အလွန်အကျွံတူးဖော်မှုများကြောင့် ဌာနေသားများ၏ အခင်းများ ဆုံးရှုံးမှုများကို ရင်ဆိုင်နေရရုံသာမက မိမိတို့အတွက် လုံခြုံမှုများ၊ အခွင့်အရေး ဆုံးရှုံးမှုများကို ကြုံတွေ့နေရခြင်းကို ကော်မတီနာယက ဦးလမောင်လတောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အရင်ကတည်းက ကျွန်တော်တို့ ဌာနေသားတွေက ကျောက်စိမ်းတူးတာကို အဓိကထားပြီး မလုပ်ဘူး။ အခင်းနဲ့ တောင်ယာပဲလုပ်ကိုင်ကြတာ။ အခုတော့ အခင်းလုပ်ခဲ့တဲ့ နေရာတွေ ကျောက်စိမ်း တူးစားပေးလိုက်ကြပြီ။ အမြဲသတိနဲ့ နေနေကြရတယ်။ ကျင်းပဲ ပြိုမလား။ ရေပဲကြီးပြီးတော့ အိမ်တွေ အကုန်ပါသွားတာမျိုးတွေ။ ကျောက်တူးတဲ့ နေရာကနေ ကျောက်ကြိုးတွေ ထိပြီး အိမ်တွေ ပျက်စီးသွားတာမျိုးတွေက အမြဲတမ်းဖြစ်နေတယ်"ဟု ၎င်းက ပြောသည်။

ထို့အပြင်နောင်ဆယ်နှစ်ခန့်တွင် ဌာနေသားများအတွက် အလုပ်အကိုင်ရှားပါးမှုများကို ရင်ဆိုင်ရလာဖွယ်ရှိကြောင်းနှင့် ကျောက်မြတ်ဥပဒေသည်လည်း ဌာနေသားများ၏ အခွင့်အရေး ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာမပါရှိခြင်း တို့ကြောင့် မိမိတို့ကိုယ်ပိုင်အခွင့်အရေးများကို ရယူနိုင်ရန်ရည်ရွယ်ကြောင်း ဦးလမောင်လတောင်က ဆက်လက်ပြောသည်။


"ကျောက်မြတ် ဥပဒေပေါ် ရင်တောင်မှ ကျွန်တော်တို့ ဌာနေသားတွေအတွက် ဘာဆိုဘာမှ မပါဘူး။ နောက်ဆယ်နှစ်လောက်ဆို ကျွန်တော်တို့က ဘာလုပ်စားတော့မလဲ။ ကျွန်တော်တို့က ဒီနေရာမှာပဲ နေခဲ့မယ့်သူတွေ. . . . သူတို့ရဲ့ စက်က အမှိုက်သရိုက်တွေပဲ ကျန်ခဲ့မှာ"ဟု ၎င်းက ဆက်လက်ပြောသည်။

ကော်မတီ၏ ကနဦး လုပ်ဆောင်ချက် အနေဖြင့် ဖားကန့်နယ်ကျောက်စိမ်းမှော်တွင် ထွက်ရှိသည့် ကျောက်စိမ်းများကို ခင်းကျင်းပြသမည့် ပြတိုက်နှင့် ရှေးပဝေသဏီကတည်းက နေထိုင်ခဲ့သော ဌာနေသားများ၏ သမိုင်းအကြောင်းအရာများကို ပြသသွားနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်း လုပ်ဆောင်ချက်နှင့် ပတ်သက်ပြီး လာမည့်မတ်လတွင် ကော်မတီအစည်းအဝေးပြုလုပ်ကာ အတည်ပြု ဆောင်ရွက်သွားမည်ဖြစ်ပြီး ကော်မတီအခြေစိုက်မည့် နေရာကိုလည်း ပြန်လည်ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

Munglawk hkawng Uru Rudi Ruhtang Hpung ကော်မတီသည် ဖားကန့်ဒေသအသီးသီးတွင် ရှေးယခင်ကတည်းက အုပ်ချုပ်ခဲ့ကြသော ဒူဝါကြီးများမှ နာယကအဖွဲ့ဝင်များအဖြစ် ပါဝင်ပြီး ကျန် ဌာနေသားများမှ ကော်မတီအဖွဲ့ဝင်များအဖြစ် ပါဝင်ကာ ဖွဲ့စည်းထားခြင်း ဖြစ်သည်။

Ann



# မိုးသီးကျ၍ ပျက်စီးသွားသည့် လူနေအိမ်နှင့် အဆောက်အဦများကို အစိုးရမှ ထောက်ပံ့ပေးမည်

ဖေဖော်ဝါရီ ၂၁



မိုးသီးများကျပြီး ပျက်စီးသွားခဲ့သည့် လူနေအိမ်ခြေများနှင့် အဆောက်အဦပေါင်း ၁၀၀၀ ကျော်ကို ပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း လူမှုရေးဝန်ကြီး ဦးနေဝင်းက ပြောသည်။

ဖေဖော်ဝါရီ ၁၇ ရက်နေ့က မြစ်ကြီးနားမြို့နယ်၊ လွယ်ခေါကျေးရွာနှင့် မိုးကောင်းမြို့နယ်၊ မရမ်းကျေးရွာတွင် မိုးသီးများ ကျခဲ့ခြင်းကြောင့် မရမ်းကျေးရွာတွင် အိမ်ခြေ ၃၄၂ စု၊ အဆောက်အဦနှင့် အခြား ဘာသာရေးကျောင်းဆောင်များ၊ စာသင်ကျောင်းဆောင်များ အပါအဝင် စုစုပေါင်း ၄၀၀ ခန့် ပျက်စီးခဲ့သည်။

ထို့အပြင် လွယ်ခေါကျေးရွာတွင် အိမ်ခြေ ၆၁၅ စု၊ အဆောက်အဦနှင့် အခြားဘာသာရေး ကျောင်းဆောင်များ၊ စာသင်ကျောင်းဆောင်များအပါအဝင် စုစုပေါင်း ၇၀၀ ခန့် ပျက်စီးသွားခဲ့ခြင်းကြောင့် လူမှုရေးဝန်ကြီးမှ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

"ကျွန်တော်တို့ကတော့ ပြည်သူတွေ ဘေးအန္တရာယ်ကျရောက်တယ်ဆိုတာကို ဒီအတိုင်းပစ်မထားဘဲ လာကြည့်တာပါ။ စိတ်အားမငယ်ကြပါနဲ့။ ကျွန်တော်တို့ ပြည်နယ်အစိုးရအနေနဲ့ တတ်နိုင်တဲ့ဘက်ကနေ အစွမ်းကုန်ကြိုးစားလုပ်ဆောင်ပေးပါမယ်"ဟု ကွင်းဆင်းစစ်ဆေးခဲ့ချိန်တွင် ပြည်နယ်လူမှုရေးဝန်ကြီးဦးနေဝင်းက ပြောသည်။

ဒေသခံများ၏ ပြောကြားချက်အရ မိုးသီးတစ်လုံး၏ အလေးချိန်သည် ၃၀ ကျပ်သားခန့်ရှိနေပြီး အရွယ်အစားမှာလည်း တစ်ပေကျော်ခန့်ရှိသည်ဟု သိရသည်။

"နှစ်တိုင်းဆိုရင် ဒီအချိန် မိုးသီးကျတတ်တယ်။ ဒါပေမဲ့ ဒီလောက်ကြီးတဲ့ မိုးသီးကိုတော့ ဒီနှစ်မှ မြင်ဖူးတာ။ ကျွန်တော်အိမ်မှာ ကျတာကို ချိန်ကြည့်တော့ ၃၀ သား ရှိနေတယ်"ဟု မရမ်းကျေးရွာ ဒေသခံ ဦးဂျုံးဒေါင်က ပြောသည်။

ပျက်စီးသွားသည့် နေအိမ်အများစုမှာ သွပ်မိုးအိမ်များဖြစ်ကြပြီး သက်ငယ်မိုးအိမ်များသည် မိုးသီးလျှောကျသွားခြင်းကြောင့် ပျက်စီးမှုနှုန်း နည်းပါးခဲ့ကြောင်းလည်း ဒေသခံများပြောကြားချက်အရ သိရသည်။

"ကျွန်မတို့အိမ်က သက်ငယ်မိုးထားတော့ မိုးသီးက မဖောက်နိုင်ဘူး။ ဖော့လိုလိုပဲပြန်ကျသွားတယ်။ ဒါပေမဲ့ နည်းနည်းပါးတဲ့ အိမ်တွေကတော့ ပေါက်သွားတယ်"ဟု လွယ်ခေါကျေးရွာ ဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်။

မရမ်းကျေးရွာတွင် နှစ်ပေါင်း ၃၀ ခန့်နေထိုင်လာသူ အမျိုးသမီးတစ်ဦးကလည်း ယင်းကဲ့သို့ အကြီးစား မိုးသီးကြွေကျခြင်းအား ပထမဦးဆုံးအကြိမ် မြင်ဖူးကြောင်း၊ အိမ်ခေါင်မိုးအားလုံး ကွဲပေါက်သွားသဖြင့် မိမိတို့အနေဖြင့် ပြန်လည်ပြုပြင်နိုင်ရန်မှာ အဆင်မပြေကြောင်း ပြည်နယ်အစိုးရအနေဖြင့် ပျက်စီးသွားသည့် သွပ်များအား အစားထိုးပြုပြင်ရန် တောင်းဆိုကြောင်း ပြောသည်။

မွန်းမွန်းပန်

# ဆိုင်ကယ်ပြင် သင်တန်း တက်ရောက်လိုသူများ စာရင်းပေးသွင်းနိုင်ပြီ

မြစ်ကြီးနား ဖေဖော်ဝါရီ ၂

ကချင်ပြည်နယ်၊ အသေးစား စက်မှုလက်မှုဦးစီးဌာနမှ ဆိုင်ကယ်ပြင်သင်တန်းကို မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်ရှိ အသေးစား စက်မှုလက်မှုဦးစီးဌာနရုံးတွင် တစ်လခွဲကြာ အခမဲ့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ပြင် သင်တန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်၊ အသေးစားစက်မှုလက်မှု ဦးစီးဌာနရုံးချုပ်၏ ညွှန်ကြားချက်နှင့်အညီ ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

ကချင်ပြည်နယ်အတွင်းရှိ အသက်မွေးဝမ်းကျောင်းကို အမှန်တကယ်ပြုလိုသူများအတွက် အလုပ်အကိုင်ရှိလာစေရန်နှင့် တစ်နိုင်တစ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း အသေးစား စက်မှုလက်မှု ဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မောင်းက မြစ်ကြီးနားသတင်း ဂျာနယ်သို့ ပြောသည်။

"ကချင်ပြည်နယ်မှာ ၉၅ ရာခိုင်နှုန်းက ဆိုင်ကယ်အသုံးပြုတယ်။ အဲ့တော့ အသက်မွေးဝမ်းကျောင်းအနေနဲ့ တတ်လိုတဲ့ သူတွေကို သင်ပေးတယ်။ ဗဟုသုတအနေနဲ့ သိချင်တဲ့သူတွေကိုလည်း သင်ပေးပါတယ်"ဟု ၎င်းက ပြောသည်။

ယင်းသင်တန်းကို မတ်လတွင်ဖွင့်လှစ်ရန် ရည်ရွယ်ထားပြီး တက်ရောက်ရန် သတ်မှတ်ထားသော လူဦးရေ(၂၀)ပြည့်ပါက စတင်ဖွင့်လှစ်သွားမည် ဖြစ်သောကြောင့် စိတ်ဝင်စားသူများအနေဖြင့် စတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

တက်ရောက်ရန် လျှောက်ထားသူများမှ အမှန်တကယ် စိတ်ဝင်စားပြီး လက်တွေ့အသုံးချမည့်သူများ၊ စစ်ရှောင်ပြည်သူများနှင့် မိဘမဲ့ကလေးများကို ဦးစားပေးခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် နယ်ဝေးမှစိတ်ဝင်စားသူများလည်း သတ်မှတ်ထားသော လူဦးရေစာရင်းနှင့်တကွ ဖိတ်ခေါ်ပါကလည်း လာရောက်သင်ကြားပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

စိတ်ပါဝင်စား၍လျှောက်ထားလိုသူများ အနေဖြင့် လျှောက်လွှာများကို ရန်ကြီးအောင်ရပ်ကွက်ရှိ အသေးစားစက်မှုလက်မှု ဦးစီးဌာနတွင် လာရောက်ထုတ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၇၄-၂၅၂၀၉၈၈၊ ၀၇၄-၂၅၂၄၁၀၀သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။


Ann

## Movie View

**▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၂၂ - ၂ - ၂၀၁၉ မှ ၂၈ - ၂ - ၂၀၁၉ အထိ
ညနေ ၃ း ၃၀ နာရီ ပွဲချိန်တွင် - **လိပ်ပြာစံအိမ်**

နေ့လယ် ၁၂ း ၃၀ နှင့် ည ၆ း ၃၀ နာရီ ပွဲချိန်များတွင်-
**Hero**







| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မီးယပ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# စာအုပ်စင်ကလှာ

ညီထွန်းလင်း





| ROSELLA |
|---|
| စာရေးသူ = မယ်လွင့် |
| စာအုပ်တိုက် - နှစ်ကာလများ |
| တန်ဖိုး = ၂၀၀၀ ကျပ် |

ရိုဆယ်လာဆိုတဲ့ အမျိုးသမီးတစ်ယောက် အကြောင်းပါ။ မေတို့ အင်နာကရီနာတို့၊ မီတို့ကို အမှတ်ရစေမယ့် မယ်လွင့်ရဲ့ရိုဆယ်လာဖြစ်ပါတယ်။ "ရိုဆယ်လာဟာ သင့်ကို အလိုမကျပေါက်ကွဲမှုတွေကိုပဲ ပေးမှာဖြစ်ပါတယ်။ ဝမ်းနည်းဖွယ်ဆုံးရှုံးမှုတွေကိုပဲ ပေးမှာဖြစ်ပါတယ်။ ဘယ်တော့မှ ပြန်ဖမ်းလို့ မမိတော့တဲ့ စိတ္တဇလိပ်ပြာတွေကိုပဲ သင်ရရှိမှာဖြစ်ပါတယ်။ လွတ်သွားတဲ့ ရထားတစ်စင်းကိုပဲ အကြိမ်ကြိမ် လက်မှတ်ဖြတ်နေမိစေမှာပဲ ဖြစ်ပါတယ်။ ထို့အတူ သင် ရိုဆယ်လာဆိုတဲ့ မြွေဟောက်မကိုလည်း မြတ်မြတ်နိုးနိုး ချစ်မိစေမှာဖြစ်ပါတယ်"လို့ စစ်ငြိမ်းက အမှာစာမှာ ရေးသားဖော်ပြထားပါတယ်။

"ကျွန်တော်ဟာ ရိုဆယ်လာ့အကြောင်းကို ဘာတစ်ခုမှ သိပ်မသိသလို မေးရင်လည်း သူက ဖြေချင်တဲ့ဟာမှဖြေတယ်။ ကျွန်တော်ပြောခဲ့ဖူးသလို ရိုဆယ်လာ့ကို ကျွန်တော် ဘယ်သောအခါမှ မှန်းဆလို့မရဘူး။ ရိုဆယ်လာဟာ သနားတတ်တယ်လို့ ကျွန်တော်မထင်ဘူး။ ဘာဖြစ်လို့လဲဆိုရင် သူဟာ ကျွန်တော့်ကို ဘယ်တုန်းကမှ မသနားခဲ့လို့ပဲ။ ဒါပေမဲ့ တစ်ရက်တုန်းက သူနဲ့ကျွန်တော် ဈေးဆိုင်ကို လမ်းလျှောက်သွားတုန်း လမ်းမှာ ယိုင်ထိုးစုတ်ပေနေတဲ့ အဘိုးကြီးတစ်ယောက်တွေ့တယ်။ ပြန်လာတော့ အဲဒီအဘိုးကြီးဟာ ကျွန်တော့်အိမ်နဲ့ သုံးတိုက်ကျော်က လှေကားမှာ လဲကျနေတယ်။ ကျွန်တော်က အရက်သမားကြီးပါလို့ ရှောင်ပြီး ဆက်လျှောက်သွားခဲ့ပေမယ့် သူကအဲ့ဒီအဘိုးကြီးနားကို တိုးကပ်သွားတယ်။ "မူးနေတာပါဟာ လာစမ်းပါ"လို့ ခေါ်တော့ လက်ပြပြီး အဲဒီအဘိုးကြီးကို သေချာကြည့်တယ်။

ပြီးတော့ ကျွန်တော့်ကို လက်ယပ် လှမ်းခေါ်တယ်။ အဲဒီညစ်ပတ်ပေတူးပြီး ဖိနပ်မပါတဲ့ အဘိုးကြီးခေါင်းကို သူပွေ့ချီထားတယ်။ ဒီအဘကိုသိလားလို့ မေးကြည့်စမ်းပါ"ဆိုလို့ ပိတ်ထားတဲ့အိမ်တွေကို တံခါးခေါက်မေးတော့ ခြောက်လွှာကလို့ သိရတယ်။ ခေါင်းလောင်းကြိုးဆွဲပြီး ကျွန်တော်ခေါ်လိုက်တော့ ခပ်ငယ်ငယ်ကောင်လေးတစ်ယောက် ဆင်းလာတယ်။ ကောင်လေးက"လူတွေကို ဒုက္ခပေးတယ်။ မသွားပါနဲ့ဆိုတာ ဖွတ်သွားတယ်" ဘယ်လိုညာလိုနဲ့ ပြောရင်း အဘိုးကြီးကို အဘိုး အဘိုးလို့ နှိုးတယ်။ သူ့သဘောက သတိရှိနေရင် တွဲတက်ကြမယ့် သဘော။ (စာ -၅၃ မှ)




| လူတွေလမ်းတွေအလုပ်အကိုင်တွေနဲ့ ပတ်သက်ရာပတ်သက်ကြောင်းတွေ |
|---|
| စာရေးသူ = ချစ်မင်းဝေ |
| စာအုပ်တိုက် = လေလွင့်မြစ်စာပေ |
| တန်ဖိုး = ၃၀၀၀ ကျပ် |

လိင်ကိစ္စ၊မူးယစ်ဆေးဝါးနှင့် ပြင်းထန်သော စကားလုံး သုံးစွဲမှုများ ပါဝင်သောကြောင့် အသက်(၁၈)နှစ်မပြည့်သေးသော၊ အရွယ်မရောက်သေးသည့် လူငယ်များအနေနှင့် လူကြီးမိဘ၊ အုပ်ထိန်းသူတို့၏ ထိန်းကွပ်လမ်းညွှန်မှုမပါဘဲ လုံးဝမဖတ်သင့်ပါ"လို့ စာအုပ်မှာ ရေးသားထားတဲ့စာအုပ်တစ်အုပ်ဖြစ်ပါတယ်။ ချစ်မင်းဝေရဲ့ အရေးအသားတွေ၊ အတွေ့အကြုံတွေ၊ အတွေးအမြင်တွေဖြတ်သန်းမှုတွေဟာ ထူးခြားလှပါတယ်။ အခုအရေးအသား မြန်မာစာပေလောကမှာ ပုံမှန်ရေးသားနေကျ ပုံစံမျိုးကနေ ခွဲထွက်ပြီး ရေးသားတင်ပြထားတဲ့ စာအုပ်တစ်အုပ် ဖြစ်ပါတယ်။ စိတ်ဝင်စားသူများ ဖတ်ကြည့်ကြဖို့ ညွှန်းလိုက်ရပါတယ်။

"မင်းကို ဘယ်ကောင်လွှတ်လိုက်တာလဲ၊ ပြောစမ်း" ဆိုပြီးမေးလိုက်တယ်။ ပေါင်မှာစိုက်ထားတဲ့ ဓားကိုလည်း ဆွဲထုတ်ပြီး ဒီဘဲရဲ့ လည်ပင်းကို ထောက်ထားလိုက်ပြီးပြီ။ ကိုယ့်စိတ်ထဲမှာ ကြွက် တစ်ခုခုလုပ်တော့မယ်လို့ ထင်နေခဲ့တယ်။ ပြောလို့မရဘူး။ ဒီကောင်က သူများကိုလုပ်ရတာ ဝါသနာကိုပါတာ ဆိုတော့ ကိုယ်လည်း ကြွက်ကို "ဟေ့ကောင်နေဦး ဘာမှမလုပ်နဲ့ ငါဆရာကြီးကို သွားခေါ်လိုက်ဦးမယ်"လို့ ပြောပြီး ဆရာကြီးကို ပြေးခေါ်လိုက်ရတော့တာပေါ့။

ကြွက် တစ်ခုခုလုပ်လိုက်ရင် နေရင်းထိုင်ရင်း စောက်ဇယားတွေ ရှုပ်ကုန်မှာစိုးလို့။ အဲ့ဒါနဲ့ ဆရာကြီး ရောက်လာတော့မှ ဆရာကြီးက ဒီကောင့်ကို မေးတော့တာ။ ဘယ်သူလဲ၊ဘယ်ကလဲ ဆိုတဲ့အကြောင်း၊ ဆရာကြီး မေးတော့မှ သူကရိုးရိုးတမ်းတမ်း ဆေးခြောက်လာဝယ်တာဖြစ်ကြောင်း ဆရာကြီးရဲ့ နာမည်ကိုပြောရင် ပိုရမယ်ထင်လို့ ပြောမိတာ ဖြစ်ကြောင်းကို ငိုယိုပြီး ပြောတော့တာပဲ။ အဲဒီတော့မှ စောက်ကိစ္စက ရှင်းတော့တာ။ ဆရာကြီးလည်း အဲ့ကောင့်ကို ချော့မော့ပြီး နောက်တစ်ခါ အဲ့ဒီလိုမလုပ်ဖို့၊ အေးအေးဆေးဆေး လာဝယ်ဖို့ ဘာညာပြောရတော့တာပေါ့။ ထုံးစံအတိုင်း အလုပ် ရှုပ်သွားရတာကတော့ ကိုယ်ပဲ။ အဲ့ဒီကောင်ဒဏ်ရာကို ဆေးထည့်ပြီး ပတ်တီးတွေဘာတွေ စည်းပေးလိုက်ရတယ်။ ပြီးတော့ ဆေးခြောက်ငါးသားတစ်ထုတ်ကို အလကားပေး၊ ကားလိုက်ငွေပေးပြီး ပြန်ခိုင်းလိုက်ရတော့တာပေါ့။

အဲ့ဘဲ ပြန်သွားတော့မှ ဆရာကြီးက ကြွက်ကို ဆူတော့တာ။ မင်း လူသတ်သမား လုပ်မယ်ဆိုလည်း လုပ်လိုက်တော့၊ ဆေးသမားပဲ လုပ်မယ်ဆိုရင်တော့ မင်းဓားမကိုင်တော့နဲ့တဲ့။ ကြွက်လည်း စပ်ဖြဲဖြဲလုပ်ပြီး သူ့ဓားကို ဆရာကြီးလက်ထဲ အပ်လိုက်တော့တာပဲ။ (စာ -၁၁၃ မှ)

## ပြတိုက်ထဲကအကျႌ

လဲပြိုနေတဲ့ မီးရထားတွဲတွေ
မီးလောင်နေတဲ့အိမ်တွေ
လေယာဉ်အပိုင်းအစတွေ
သံဆူးကြိုးအဟောင်းအမြင်းတွေ
မီးတူးနေတဲ့ စစ်ခမောက်တွေ
ပေါက်ကွဲပြီးသား ဗုံးစဗုံးနတွေ
စုတ်ပြတ်သတ်နေတဲ့ ယမ်းနံ့စွဲနေတဲ့ စစ်ဖိနပ်တွေ
ခြေပြတ်လက်ပြတ်တွေဟာ စစ်ပွဲရဲ့လက်ဆောင်အဖြစ်
ပြတိုက်ကြီးထဲမှာ အိပ်စက်ခဲ့ကြတယ်။

ပြတိုက်ထဲမှာ
ဘယ်တော့မှ မကျွတ်လွတ်တော့တဲ့
တစ္ဆေတစ်ကောင်ရှိတယ်။
ပြတိုက်ထဲမှာ
သားသတ်ဆိုင်ထဲက အသားတစ်စလို
စစ်ကျန်အကျႌတစ်ထည်ကို ချိတ်ဆွဲထားကြတယ်။

၁၉၄၄
၁၉၄၅
ဒုတိယကမ္ဘာစစ်ရဲ့ နေ့စွဲတစ်ခုဟာ
စစ်ကျန်အကျႌရဲ့ လက်မောင်းမှာ
စစ်ကျန်အကျႌရဲ့အိတ်ထောင်မှာ
ဆင်းရဲမွဲတေမှုဟာ
မီးခိုးနံ့တလူလူနဲ့ ဂါထာမန္တရားတွေကို
တတွတ်တွတ် ရွတ်ဆိုတယ်
အစွဲချွတ်သူဟာ သူ့အစွဲတွေကို မချွတ်နိုင်ရှာတော့
တစ္ဆေအကျႌကို မချွတ်နိုင်တော့ဘူး။

ငါဟာ ဂုဏ်သိက္ခာကြီးမားတဲ့
စစ်သားတစ်ယောက် ဖြစ်တယ်
ငါ့သေဆုံးမှုဟာ မွန်မြတ်တယ်
ငါဟာ ဂုဏ်သိက္ခာရှိတဲ့
စစ်မြေပြင်က စစ်သားတစ်ယောက်ပေ့ါ
အကျႌဟာ ဘယ်တရားမှ မနာယူတော့ပါဘူး။

သေနတ်ဖျားက
ဘယ်တော့မှ ပန်းမပွင့်ဘူးဆိုတာ ငါပြောခဲ့မယ်
နောင်ဘုရားအဆူဆူတို့သည်
"ချစ်သားတို့
စစ်ပွဲကြောင့်ဖြစ်သော မြေမှုန်မြေသားတို့ဖြင့်
ဤ မဟာပထဝီမြေကြီးသည် ပိုမိုလေးလံလာလတ္တံ့"ဟု
ဟောတော်မူအံ့။

"အကျႌပိုင်ရှင်ဟာ ဘယ်သူလဲ"
ပြပွဲလာသူ ကလေးတစ်ယောက်က မေးတော့
"အကျႌပိုင်ရှင်ဟာ မျိုးဆက်တစ်ခု"လို့ ဖြေလိုက်တယ်။

အဲ့ဒီနောက်
ဒုတိယကမ္ဘာစစ် စစ်သမိုင်း ပြတိုက်ကြီးဟာ
ကျောက်တောင်ကြီးတစ်ခုလို ပြိုကျသွားပြီး
ပြတိုက်ကြီးထဲက လူတွေဟာ
ပြတိုက်ကြီးထဲမှာ
ပြတိုက်အဖြစ် ကျန်ရစ်ခဲ့တော့တယ်။

ကမ္ဘာကြီးကတော့ တီဗွီသတင်းတွေကြည့်
လူသေစာရင်းတွေ ဖတ်
စစ်ချီတေးကို သံပြိုင်လေ့ကျင့်ရင်း
နေ့စဉ် တစ်မိနစ် ငြိမ်သက်တုန်းပါပဲ။ ။

စောနဒီ(မြစ်ကြီးနား)

# ကချင်ပြည်နယ်တွင် စာစစ်ဌာန ၈ခု ထပ်မံ တိုးချဲ့

ဖေဖော်ဝါရီ ၂၂

ကချင်ပြည်နယ်တွင် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ကျောင်းသူ လေးသောင်းနီးပါးရှိပြီး စာစစ်ဌာနအသစ် ၈ ခုထပ်မံတိုးချဲ့လိုက်ကြောင်း ကချင်ပြည်နယ် ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဖြေဆိုရန်အတွက် စာရင်းသွင်းထားသည့် ကျောင်းသား၊ကျောင်းသူ ဦးရေ ၃၈၁၄၈ ဦးရှိပြီး စာစစ်ဌာနယခင်နှစ်က ၆၆ ခု ရှိသည့်အနက် ၈ ခုထပ်မံတိုးချဲ့ကာ ၇၄ နေရာထားရှိမည် ဖြစ်သည်။

တိုးချဲ့လိုက်တဲ့ စာစစ်ဌာန၈နေရာမှာမိုးညှင်းခရိုင်တွင် ၅ ခု နှင့် မြစ်ကြီးနား၊ ဗန်းမော်၊ ပူတာအိုခရိုင်တို့တွင် ၁ ခု စီခန့် တိုးချဲ့ခဲ့ကြောင်း သိရသည်။

စာစစ်ဌာန အသစ်တည်ရှိရာ အခြေခံပညာ အထက်တန်းကျောင်းများမှာ အ.ထ. က-ရွှေစက် (မြစ်ကြီးနား)၊ အ. ထ. က ချောင်းဝ (မိုးညှင်း)၊ အ. ထ. က-ညောင်ပင် (မိုးညှင်း)၊ အ. ထ. က-မြိုင်သာယာ (မိုးညှင်း)အ. ထ. က-မော်ဟန် (မိုးညှင်း)၊အ. ထ. က-နောင်ကျိုင်တော် (မိုးကောင်း)၊ အ. ထ. က-စင်းခမ်း (ဗန်းမော်)၊အ. ထ. ကလေယာဉ်ကွင်း(ပူတာအို)တို့ ဖြစ်သည်ဟုလည်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။




တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ကျောင်းသူများ အနေဖြင့် စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို ဖေဖော်ဝါရီ ၂၂ ရက်နေ့မှ စတင်၍ စာစစ်ဌာနအသီးသီးတွင် ထုတ်ယူနိုင်ပြီဖြစ်ကြောင်းလည်း ကချင်ပြည်နယ် ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (ပညာ)ဦးသန်းထွန်းကပြောသည်။

ဖြေဆိုခွင့် ကတ်ပြားကို မတ်လ ၆ ရက်နေ့ မြန်မာစာဖြေဆိုမည့်နေ့ ဖြေဆိုချိန်မတိုင်မီအချိန်ထိ နောက်ဆုံးထား ထုတ်ယူနိုင်မည်ဖြစ်သည်။

ကချင်ပြည်နယ်၏ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ယခင်နှစ်ထက် ပို၍ အောင်ချက်ရာခိုင်နှုန်း တိုးတက်ရရှိစေရန် ဆောင်ရွက် ထားရှိကြောင်းလည်း ဦးသန်းထွန်းက ပြောသည်။

“ဆောင်ရွက်ထားတာကတော့ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲသည် မေးခွန်း ပုံစံပြောင်းလဲတဲ့ အခြေအနေတွေ အများကြီးရှိတယ်၊ မေးခွန်းတွေကို အလွတ်ကျက်၊ အလွတ်ဖြေပုံစံမျိုးမဟုတ်ဘဲနဲ့ ကလေးတွေရဲ့ တီထွင်ဖန်တီးမှု ထိုးထွင်းဉာဏ် ထက်မြက်အောင် မေးခွန်းတွေကို ပုံစံပြောင်းပြီးတော့ မေးမှာဖြစ်ပါတယ်။ မေးခွန်းပုံစံပြောင်းတာနဲ့ ပတ်သက်လို့လည်း မြစ်ကြီးနားတက္ကသိုလ်က ပါမောက္ခဆရာကြီးများနဲ့ ဖြေရမယ့် ဘာသာ ၉ ဘာသာရဲ့ ဆရာ/မကြီးများက နေပြီးတော့ မေးခွန်းပုံစံပြောင်းလဲတဲ့အခြေအနေကို ကျောင်းဖွင့်စအချိန် ကတည်းက ဖိတ်ခေါ်ပြီးတော့ မေးခွန်းနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို ဆွေးနွေးပွဲလုပ်ဖြစ်ခဲ့တယ်။ တစ်ပြည်နယ်လုံးမှာရှိတဲ့ အထက်တန်းပြတွေ အားလုံးတက်ရောက်ပြီးတော့မှ မေးမြန်းတယ် ဆွေးနွေးတယ်။ ပါမောက္ခ ဆရာ/မကြီးတွေကလည်း မေးခွန်းပုံစံနဲ့ ပတ်သက်ပြီးတော့ အကောင်းဆုံး ရှင်းလင်းပြောကြားတာတွေ နှစ်စပိုင်းမှာ လုပ်ခဲ့ကြတယ်”ဟု ဦးသန်းထွန်းကပြောသည်။

ထို့အပြင် အောင်ချက်မြင့်မားရေးအတွက် ခရိုင် ၄ ခရိုင်မှ ပူတာအိုခရိုင်နှင့် မြစ်ကြီးနားခရိုင်တို့ ပူးပေါင်းကာ မြစ်ကြီးနားတက္ကသိုလ်မှ ဆရာကြီး၊ဆရာမကြီးများ၊ ဗန်းမော်ခရိုင်တွင် ဗန်းမော်တက္ကသိုလ်မှ ဆရာ/မများ၊ မိုးညှင်းခရိုင်တွင် မိုးညှင်းဒီဂရီကောလိပ်မှ ဆရာ/မတို့အား ဖိတ်ကြားကာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာဟောပြောပွဲ ပြုလုပ်ခဲ့သည်ဟုလည်း ၎င်းကပြောသည်။

“၂၀၁၉ တက္ကသိုလ် စာမေးပွဲကိုလည်း ဆရာကြီးတို့က တစ်ပြည်နယ်လုံးမှာ အောင်ချက် မြင့်မားရေးအတွက် ဆောင်ရွက်ထားသလိုပဲ ဒီစာမေးပွဲကို မသမာမှုကင်းရှင်းပြီးတော့ တရားမျှတပြီး ချောချောမွေ့မွေ့နဲ့ အောင်မြင်အောင် ဆရာကြီးတို့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်”ဟု ဦးသန်းထွန်းက ထပ်မံပြောဆိုသည်။

ကချင်ပြည်နယ်သည် ၂၀၁၈ ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် ဖြေဆိုသူ ၃၃၂၁၂ ဦးအနက် ၉၉၇၄ ဦး အောင်မြင်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်း ၃၀. ၀၅ ရာခိုင်နှုန်း ရှိခဲ့သည်။

ဘာသာစုံ ဂုဏ်ထူးရှင် ၁၀ ဦး၊ ၅ ဘာသာ ၃၁ ဦး ၊ ၄ ဘာသာ ၇၁ဦး၊ ၃ ဘာသာ ၂၂၉ ဦး၊ ၂ ဘာသာ ၄၂၄ ဦး နှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၂၃၄၀ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၃၁၀၅ ဦး ပေါ်ထွန်းခဲ့သည်။

၂၀၁၉ ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲအား မတ်လ ၆ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပသွားမည် ဖြစ်ကြောင်းလည်း ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက ဖေဖော်ဝါရီ ၈ ရက်နေ့က ထုတ်ပြန်ထားသည်။

Salai

# ပူတာအိုက မူးယစ်ဆေးစွဲ လူနာများအတွက် မေတ္တာဦးနားခိုရာအိမ်တော်

ဖေဖော်ဝါရီ ၂၂

ပူတာအိုမြို့နယ်၊ ဂျူဗလီကျေးရွာတွင် မေတ္တာဦးနားခိုရာအိမ်တော် အမည်ရှိ မူးယစ်ဆေးစွဲ လူနာများအတွက် အခမဲ့ပြန်လည်ထူထောင်ရေး စင်တာကို ဖေဖော်ဝါရီ ၁၄ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

ပူတာအိုဒေသရှိ လူငယ်များ မူးယစ်ဆေးဝါးကြောင့် ပျက်စီးသူများကို ကူညီနိုင်ရေးသာမက ခိုလှုံရာမရှိဘဲ ဒုက္ခရောက်နေသူများကို ကူညီနိုင်ရေးအတွက် ရည်ရွယ်ကြောင်းနှင့် မူးယစ်ဆေးဝါး အမှန်တကယ် ဖြတ်လိုသူများကို မတ်လ ဒုတိယအပတ်မှစ၍ လက်ခံသွားမည်ဖြစ်ကြောင်း မေတ္တာဦးနားခိုရာအိမ်တော် ဖွင့်လှစ်သည့် Rev.နန်ဟီးဖုန်ဆား၏ က ပြောသည်။




“ကျွန်တော်တို့ ပူတာအိုမှာ တစ်နှစ်ထက်တစ်ထက် မူးယစ်ဆေးဝါးသုံးစွဲသူလူဦးရေ များပြားလာတယ်။ မူးယစ်ဆေးဝါးသုံးစွဲနေတဲ့ လူငယ်တွေ အားလုံးအတွက် ရည်ရွယ်ပါတယ်။ လူငယ်တွေ အနာဂတ် ပျောက်ပျက်မသွားအောင်၊ ကျွန်တော်ကိုယ်တိုင်ကလည်း လွန်ခဲ့တဲ့အချိန်က မူးယစ်ဆေးဝါးသုံးစွဲခဲ့တယ်”ဟု ၎င်းကပြောသည်။

ပူတာအိုဒေသတွင် ယခင်က ဘိန်းမဲ့သာ ကျန်းမာရေးအရ သုံးစွဲခြင်းမျိုးရှိခဲ့သော်လည်း လက်ရှိအချိန်တွင် လမ်းပန်းဆက်သွယ်ရေး ကောင်းလာသည့်နှင့်အမျှ ဘိန်းဖြူများပေါ်များလာပြီး လူငယ်များ သုံးစွဲမှုလည်း များပြားလာကြောင်း သိရသည်။

အဆိုပါစင်တာတွင် အမှန်တကယ် မူးယစ်ဆေးဝါးဖြတ်လိုသူများနှင့် ခိုကိုးရာမဲ့သူများကို ပတ်ဝန်းကျင်၏ ထောက်ခံချက်ဖြင့် လက်ခံမည်ဖြစ်သည်။


“မေတ္တာဦးနားခိုရာအိမ်တော်” မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစင်တာကို ဖွင့်လှစ်နိုင်ရန်အတွက် ၁၀ နှစ်ကျော် ကြိုးစားခဲ့ရသည်ဟုလည်း Rev.နန်ဟီးဖုန်ဆား၏က ပြောသည်။

အောင်ခမ်း(ပူတာအို)

မြစ်ကြီးနားသတင်းဂျာနယ်
(ဖေဖော်ဝါရီ ၂၅ ၊ ၂၀၁၉)
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

# သိုးရေခြုံထားတဲ့ ဝံပုလွေ အပြုံးတွေချန်ပြီး...

စောနဒီ (မြစ်ကြီးနား)



"ကျွန်တော်တော့ လမ်းဆုံလမ်းခွတွေမှာ အတတ်နိုင်ဆုံး ပြုံးထားတာပါပဲဗျာ"

ပြီးခဲ့တဲ့တစ်ပတ်က မိတ်ဆွေတစ်ယောက်ရဲ့ ဆိုင်ကယ်နောက်မှာထိုင်ပြီး စီးနေချန် ကျွန်တော့်မိတ်ဆွေပြောခဲ့တဲ့စကားကို သတိရနေခြင်း ဖြစ်ပါတယ်။

အဲ့ဒီတုန်းက လမ်းဆုံလမ်းခွကြီးမှာ တစ်ဖက်က ဆိုင်ကယ်အဖြတ်၊ ကျွန်တော်တို့ဆိုင်ကယ်ကလည်း အဖြတ် လမ်းအလယ်မှာ ဆိုင်ကယ်နှစ်စီး ဆုံမိချိန် ကျွန်တော့် မိတ်ဆွေက "ဆောရီးနော်"ဆိုပြီး ပြုံးလိုက်ပါတယ်။ သူ့အပြုံးမြမြကို ဆိုင်ကယ်နောက်ကြည့်မှန်ကနေ တွေ့နေရခြင်းဖြစ်ပါတယ်။ တစ်ဖက်လူကလည်း သူ့ကို ပြန်ပြုံးပြပါတယ်။ ပြီးတော့ "ရပါတယ်ခင်ဗျ၊ အစ်ကို အရင်သွားလိုက်ပါ"တဲ့။

လမ်းခုလတ်မှာ သူ့ခရီးသူသွား၊ကိုယ့်ခရီးကိုယ်သွားကြတဲ့အခါ မတော်တဆ ထိပ်တိုက်တွေ့ဆုံမိထားတာလေးတွေရှိရင် ဆောရီးပါဗျာ၊ တောင်းပန်ပါတယ်ဗျာ ဆိုပြီး ပြုံးပြုံးလေးနဲ့ ပြန့်တို့ပြန်၊ ပြန်ပြောပြီး နေထိုင်တတ်တဲ့ မိတ်ဆွေရဲ့စိတ်ကို ကျွန်တော် လေးစားမိပါတယ်။

ပြီးတော့ အပြုံးအကြောင်း စဉ်းစားနေမိခဲ့ပါတယ်။

အပြုံးနဲ့ ပတ်သက်ပြီး ဘယ်သူရေးထားမှန်း မသိတဲ့ ပြုံးခြင်းအနုပညာ(၇)မျိုးကို သတိရမိပါတယ်။ စကားလုံးအတိအကျတော့ ကျွန်တော်မမှတ်မိတော့ပါ။ လိုရင်းကတော့. . . ။

"ပြုံးပါ။ မတရားမှု ကြုံလာတဲ့အခါ၊ မတရားမှု ခံရတဲ့အခါ တည်တည်ငြိမ်ငြိမ်နေနိုင်အောင် ကြိုးစားပါ။ ဤသည်မှာ သဘောထားကြီးမြတ်ခြင်း ဖြစ်ပါသည်"တဲ့။

တစ်စုံတစ်ခု ဆုံးရှုံးနစ်နာတဲ့အခါ ခပ်ယဲ့ယဲ့လေး ပြုံးဖို့ကြိုးစားပါတဲ့။ ဒါကတော့ ထက်မြက်ခြင်း အသွင်ဆောင်ပါသတဲ့။

အကူအညီမရှိဘဲ အကူအညီမဲ့နေတဲ့အခါမှာလည်း ပြုံးနိုင်ပါစေတဲ့။ ဒါဟာ ကိုယ့်ကိုယ်ကိုယ် ခွန်အားသစ်မွေးမြူခြင်းပါတဲ့လေ။

ဘေးဒုက္ခ ကြီးလာတဲ့အခါမှာလည်း တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးနေပါတဲ့။ ဒါကတော့ စိတ်ဓာတ်ကြံ့ခိုင်ခြင်းပါတဲ့။

အပြစ်တင် ဝေဖန်ခံရတဲ့အခါမှာလည်း အေးအေးဆေးဆေး ပြုံးပါတဲ့။ ဒါဟာ မိမိကိုယ်မိမိ ယုံကြည်ခြင်းပါတဲ့။

အသည်းကွဲတဲ့အခါ ပြုံးပါတဲ့ဗျ။ ဒါကတော့ စိတ်သဘောထား တင်းမာမှုမရှိဘဲ လွတ်လပ်ပေါ့ပါးခြင်းပါတဲ့။

အိုး. . . အပြုံးတွေက အဓိပ္ပါယ်ပေါင်းများစွာ ရောစပ် ပါဝင်နေပါဘိတော့။ ဘယ်အပြုံးဖြစ်ဖြစ် ဘဝအတွက်တော့ ဆေးဖက်ဝင်တာ အသေအချာပါပဲ။

ပြုံးခြင်းအနုပညာ အကြောင်း တွေးမိတော့ ပြီးခဲ့တဲ့လတုန်းက ဆရာကောင်းသန့်ရယ်၊ ဆရာ အကြီးကိုကို (ကသာ)ရယ်၊ ကျွန်တော်ရယ် ပင်းဘောဒေသစိတ်၊ ကုန်းတန်းကြီးကျေးရွာမှာ သွားခဲ့ကြတဲ့ ဟောပြောပွဲတစ်ခုမှာ ဆရာကောင်းသန့်က လူငယ်တွေကို ရွတ်ဆိုပြခဲ့တဲ့ စာကြောင်းလေး သတိရမိပြန်ပါတယ်။

Smile Smile Smile
Ever Smile
Cry Cry Cry never Cry
Try Try Try always Try
ပြုံး ပြုံး ပြုံး အမြဲတမ်းပြုံး
မငို မငို မငို
ဘယ်တော့မှ မငို
ကြိုးစား ကြိုးစား ကြိုးစား
အမြဲတမ်း ကြိုးစားမယ်။

ဆရာကောင်းသန့်က ကျောင်းသားလူငယ် စိတ်ဓာတ်မကျအောင် ရွတ်ပြခဲ့တဲ့ ကလေးကဗျာတစ်ပုဒ်ပေါ့။ ခွန်အားရှိတဲ့ကဗျာတစ်ပုဒ်ပေါ့။

ပြုံးမယ်။

မငိုဘူး။ လဲကျရင် ပြန်ထမယ်။ ဆက်ပြီး ကြိုးစားမယ်။ ပြုံးခြင်းအနုပညာနဲ့ လောကကြီးကို ရှေ့ဆက်မယ်ပေါ့။

အပြုံးက ကောင်းပါတယ်။ ပြုံးပြုံးရွှင်ရွှင်နဲ့ ရယ်မောနေမယ်ဆိုရင် မိမိကိုယ်ခန္ဓာရဲ့ သွေးပေါင်ချိန်ကို တောင် ကျဆင်းစေတယ်လို့ ကြားဖူးပါတယ်။ သွေးပေါင်မကျတောင် ကိုယ်ပြုံးတာမြင်တော့ တစ်ဖက်လူလည်း ပျော်ရွှင် ကြည်နူးစေတာပေါ့။

ပြုံးနေတဲ့သူကို လူချစ်လူခင် များကြပါတယ်။ လူမှုပေါင်းသင်းဆက်ဆံရေးနယ်ပယ်မှာ ကြည့်ရင် ပြုံးတတ်တဲ့သူတွေက ပိုပြီးဝင်ဆံ့ကြပါတယ်။ ပြီးတော့ သိပ္ပံပညာရှင်တွေရဲ့ အဆိုအရ ရယ်မော ပြုံးပျော်နေတဲ့သူဟာ ရောဂါခုခံနိုင်ပြီး စွမ်းအားကိုတောင် ပိုမိုမြင့်မားစေပါသတဲ့ဗျ။

"တစ်ချက်ပြုံးရင် တစ်ရက်အသက်ပိုရှည်မှာပါ"ဆိုတဲ့စကားလည်း ရှိပါတယ်။

အပြုံးနဲ့ ပတ်သက်ပြီး တွေးနေရင်းက Smile Train Myanmar ဆိုတဲ့ ပရဟိတအဖွဲ့အစည်း အကြောင်း တွေးမိပြန်ပါတယ်။ လူမှုကွန်ရက်ပေါ်မှာ တွေ့တွေ့နေရတဲ့ Smile Train Myanmar ပေါ့။ ၁၉၉၄ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ပရဟိတအဖွဲ့အစည်းတစ်ခုပါပဲ။ အဲ့ဒီအဖွဲ့က ၁၉၉၉ ခုနှစ်ကနေ ၂၀၁၈ နိုဝင်ဘာလအထိ နိုင်ငံပေါင်း ၈၅ နိုင်ငံကျော်မှာ နှုတ်ခမ်းကွဲ၊အာခေါင်ကွဲ ခွဲစိတ်မှုပေါင်း တစ်သန်းကျော်လုပ်ဆောင်ခဲ့ပြီလို့ သိရပါတယ်။ ပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲရောဂါခံစားနေရတဲ့ ကလေးငယ်တွေအတွက် Smile Train Myanmar က ပုဂ္ဂလိကဆေးရုံ ၃၂ ခုနဲ့ လက်တွဲပြီး ပြည်တွင်းမှ ခွဲစိတ်ဆရာဝန်ကြီးတွေနဲ့ အတူ အပြုံးလှလှလေးတွေကို အခမဲ့ဖန်တီးနေကြတာ အခုဆိုရင် ခွဲစိတ်ကုသမှုပေါင်း ၇၀၀၀ ကျော်ပါပြီတဲ့။ အပြုံးတွေကို ကိုယ်တိုင်ဖန်တီးရုံမက သူတစ်ပါးတွေ ပြုံးပျော်နိုင်ဖို့ ကြိုးစားတည်ဆောက်နေတဲ့ လူသားတွေ ရှိနေပါသေးလားလို့ ဝမ်းမြောက်ဝမ်းသာ တွေးမိရပြန်ပါတယ်။

အပြုံး။

အပြုံးဟာ ကမ္ဘာကြီးအတွက် သိပ်ကို အရေးပါလှပါတယ်။ ဆရာတော် "ခမ္ဘဂါ" ရဲ့ "ဂလိုဘယ်မြစ်ဆုံ"စာအုပ်ကြီးထဲမှာ ဒလိုင်းလားမားဘုန်းတော်ကြီးရဲ့ တရားပွဲတစ်ခုအကြောင်း ရေးထားတာ တွေ့ရတော့ အပြုံးသင်ခန်းစာ ရမိပြန်ပါတယ်။

"သင်တို့ ခန္ဓာကိုယ်တွင် ဆင်မြန်းထားသော ရွှေငွေရတနာပစ္စည်းများ ရှိပါ၏လော"

"ရှိပါ၏ဘုရား"

"ထို လက်ဝတ်တန်ဆာများကို သင်တို့နမ်းရှိုက်ကြကုန်သော် အဘယ်သို့ ခံစားရမည်နည်း"

"ချွေးနံ့ရခြင်း မှတစ်ပါး အခြားခံစားရမည် မထင်"

"သို့ဆိုသော် ယခု သင်တို့အချင်းချင်း ပြုံးပြကြကုန်လော့"

သင်တို့အချင်းချင်း ပြုံးပြကြကုန်လော့ဆိုတော့ ပရိသတ်အပေါင်းက ကြောင်စီစီဖြစ်သွားကြပါတယ်။

"သင်တို့အချင်းချင်း အပြုံးခက်လျှင် ငါ ဘုန်းတော်ကြီးကို ပြုံးပြကြန်လော့"

အဲ့ဒီတော့မှ အပြုံးခင်းကြီးဟာ လျှပ်စီးလက်သလို ပွင့်ဝေသွားတယ်လို့ ဆရာတော် ခမ္ဘဂါက ရေးထားပါတယ်။

"အို. . . ကောင်းလေစွ၊ ကောင်းလေစွ။ သင်တို့ ပြုံးသောခဏ၌ အဘယ်သို့ ခံစားကြရသနည်း"

". . . ပျော်ပါ၏ အရှင်"

"ထိုသို့ ပြုံးလိုက်ရသဖြင့် သင်တို့ရဲ့ တစ်စုံတစ်ရာ ကုန်ကျသွားသလော။ သင်တို့ အိတ်ထဲက စိုက်ထုတ်ပေးရသလော"တဲ့။

ဆရာတော်ခမ္ဘဂါရဲ့ မျှဝေမှုကို သာခုခေါ်မိသလို ဒလိုင်လားမားဘုန်းတော်ကြီးကိုလည်း ဦးခိုက်မိပါတယ်။

ဟုတ်တာပေါ့။ အပြုံးတွေက ကမ္ဘာကြီးအတွက် ငွေကြေးတွေ ကုန်ကျသွားတာမှ မဟုတ်တာ။

မြန်မာ ရာဇဝင်ထဲမှာတော့ အင်းဝဘုရင် မင်းကြီးစွာစော်ကဲလက်ထက်က ရမည်းသင်းစား သီလဝ ဟာ လက်ရုံးရည် ထူးချွန်သတဲ့။ ရမည်းသင်းစား သီလဝက စကားအလွန် နည်းပါတယ်။ ဣန္ဒြေကြီးတယ်။ အင်းဝမြို့နန်းတည် သတိုးမင်းဖျားအနိစ္စရောက်တဲ့အခါ မှူးမတ်အပေါင်းက ရမည်းသင်းစားကို မင်းပြုဖို့ တောင်းပန်တော့ သီလဝက "ငါသည်တစ်နေ့ကို စကားသုံးလေးခွန်းမျှ မပြော၊ မင်းအဖြစ်ကို အလိုမရှိ။ အမြင့်မင်းတရဖျားစော်ကဲသည် မင်း၏ ယောက်ဖလည်းဖြစ်သည်။ နှလုံးရည် လက်ရုံးရည်နှင့်လည်း ပြည့်စုံသည်။ သို့ကြောင့် စော်ကဲကိုသာ မင်းမြှောက်ကြလေ"လို့ ဆိုသတဲ့။ ဒါနဲ့ "မရည်ရွယ်ဘဲနှင့် စော်ကဲမင်းဖြစ်"ဆိုတဲ့ စကားပုံ ပေါ်ပေါက်လာခဲ့တာပါပဲ။

အဲ့ဒီ ရမည်းသင်းစား သီလဝ ဆိုတာ တစ်သက်မှာ သုံးကြိမ်သုံးခါပဲ ပြုံးတော်မူသတဲ့ဗျ။ ကိုင်း. . . . ဘယ်လောက် အပြုံးချွေတာလိုက်တဲ့သူလဲ။

တကယ်တော့ အပြုံးဟာ ကမ္ဘာလောကကြီးရဲ့ လက်ဆောင်ကောင်း တစ်ခုပါပဲ။ လမ်းဆုံလမ်းခွမှာ ကားတွေ ဆိုင်ကယ်တွေ မလွဲသာ မရှောင်သာ ထိပ်တိုက်တွေ့ကြတဲ့အခါ ပြုံးပြပြီးပြောကြဆိုကြ တောင်းပန်ကြရင် ဘယ်လောက် ကောင်းမလဲ။

ဈေးသည်က ပြုံးပြတော့ ဈေးဝယ်မှာလည်း အပျော်တွေ ကူးစက်ပြီး စိတ်လက်ပေါ့ပါးတာပေါ့။ ကုန်ပစ္စည်းတွေ ရောင်းအားတက်နိုင်တာပေါ့။

စာသင်ခန်းထဲမှာ ဆရာ၊ ဆရာမတွေက အပြုံးနဲ့စာသင်၊ တပည့်တွေက အပြုံးတွေနဲ့နာယူ။ ဘယ်လောက် အေးချမ်း ပျော်ရွှင်စရာကောင်းပါသလဲ။

မိဘက သားသမီးကို ပြုံးပြ၊ အစိုးရက ပြည်သူကို ပြုံးပြ၊စပါယ်ယာက ခရီးသွားကို ပြုံးပြ၊ ခရီးသွားက ခရီးသွားကို ပြုံးပြ။ ဘယ်လောက်ငြိမ်းချမ်းလိုက်လေမလဲ။ လွှတ်တော်ထဲမှာရော မာကျောခက်ထန်နေတဲ့ မျက်နှာကြောတွေလျှော့ပြီး တိုင်းရေးပြည်ရေးတွေ တိုင်ပင်ဆောင်ရွက်ကြရင် ဘယ်လောက်ကောင်းလိုက်လေမလဲ။

ရိုးသားပွင့်လင်းတဲ့အပြုံးတွေနဲ့ ချစ်သူအချင်းချင်း ပြုံး၊ မိသားစုအချင်းချင်း ပြုံး၊ တစ်ယောက်နဲ့တစ်ယောက်ဟာပြုံး။ ကမ္ဘာကြီးဟာ အပြုံးပန်းခင်းကြီးထဲမှာ ငြိမ်းချမ်းပျော်ရွှင်စေနိုင်တာ သိုးရေခြုံထားတဲ့ ဝံပုလွေအပြုံးတွေ မဖြစ်ဖို့တော့ လိုတာပေါ့။

သိုးရေခြုံထားတဲ့ဝံပုလွေ အပြုံးတွေချန်ပြီး ပေါ့ပါးတဲ့ အပြုံးတွေနဲ့ ကမ္ဘာကြီးရဲ့ နေ့သစ်များဆီပေါ့. . . ။ ။

# ဘယ်လိုအစားအစာတွေကသွေးဖိအားကို လျှော့နည်းစေမလဲ

တန်ဆေးလွန်ဘေး ဆိုသည့်အတိုင်း ကျွန်ုပ်တို့နေ့စဉ်နှင့်အမျှ စားသုံးနေသည့် အစားအစာများသည် အတော်အသင့် စားသုံးလျှင် အာဟာရ ဖြစ်စေပြီး ကျန်းမာရေးအတွက် အထောက်အကူပြုသော်လည်း အလွန်အကျွံစားသုံးမိလျှင် ကျန်းမာရေးအတွက် ဘေးဥပါဒ် ဖြစ်စေပါသည်။ ဆေးလိပ်သောက်သူ၊ အရက်သောက်သူနှင့် လမ်းဘေးတွင် ရောင်းချသည့် အသင့်စား အစားအသောက်များကို စားသုံးသူ များပြားလာခြင်းကြောင့် သွေးတိုးဟုခေါ်သည့် သွေးဖိအားများရောဂါ ခံစားလာရသည့် လူဦးရေမှာနှစ်စဉ်နှင့်အမျှ များပြားလာပါသည်။ သွေးတိုးရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာသော်လည်း အစားအသောက်၊ အနေအထိုင် ဂရုမပြုဘဲ ပေါ့ပေါ့တန်တန်နေသည့်သူများပြားနေပါသည်။

ကမ္ဘာ့လူဦးရေ၏ ၇ ဒသမ ၅ သန်းခန့်သည် နှစ်စဉ်နှစ်တိုင်း သွေးတိုးရောဂါကြောင့် အသက်ဆုံးရှုံးနေရ၍ ၁ ဘီလီယံခန့်သည် သွေးတိုးရောဂါကို ခံစားနေကြရသည်။ သွေးတိုးရောဂါသည် ရောဂါလက္ခဏာမပြဘဲ နှစ်ပေါင်းများစွာ ရှိနေတတ်သောကြောင့် အသက်ဆုံးရှုံးနိုင်သည်အထိ ဖြစ်တတ်ပါသည်။ ကျွန်ုပ်တို့ နိုင်ငံတွင်လည်း သွေးတိုးရောဂါ ဖြစ်ပွားမှုနှုန်းမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာသည်ဟု အရှေ့တောင်အာရှကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စစ်တမ်းတွင် ဖော်ပြထားပါသည်။ မိသားစု၊ အသက်အရွယ်၊ မျိုးရိုးစဉ်ဆက်ပေါ်မူတည်၍ ဖြစ်ပေါ်လာသည့် သွေးတိုးရောဂါကိုကိုယ်တိုင်ထိန်းချုပ်၍ မရသော်လည်း အစားအသောက်ကြောင့် ဖြစ်လာရသည့် အရာကိုမူ ကိုယ်တိုင်ထိန်းချုပ်၍ ရပေသည်။

မှန်ကန်သည့် အစားအစာများကို စားသုံးပေးခြင်းသည်သွေးတိုးရောဂါဖြစ်နိုင်မှုကို လျှော့နည်းစေပါသည်။

## (၁)ပဲအမျိုးမျိုး

ပဲတွင်ပါဝင်သည့် အမျှင်ဓာတ်၊ ပိုတက်ဆီယမ်၊ မဂ္ဂနီစီယမ်များသည် သွေးဖိအားကို လျှော့နည်းစေပါသည်။ ပဲစားသုံးခြင်းသည် သွေးဖိအားကို လျှော့နည်းစေသည်သာမက ကိုယ်ခန္ဓာအတွင်းမှ အူကျန်းမာရေးအတွက်လည်း အထောက်အကူပြုပါသည်။

## (၂) ထောပတ်သီး

ပိုတက်စီယမ် ကြွယ်ဝသည့် ထောပတ်သီးသည် သွေးဖိအား လျှော့နည်းစေမှုအတွက် အထူးကောင်းမွန်သည့် အသီးတစ်မျိုးဖြစ်ပါသည်။

## (၃)ငှက်ပျောသီး

ငှက်ပျောသီး သည်လည်း ပိုတက်စီယမ်ကြွယ်ဝသည့် အသီးတစ်မျိုးဖြစ်သည်။ ငှက်ပျောသီးတွင် ပါဝင်သည့် ပိုတက်ဆီယမ်ဓာတ်မှာ သွေးပေါင်ချိန် တိုးမှုကို ထိရောက်စွာထိန်းညှိပေးပါသည်။

## (၄) မုန်လာဥနီ

သွေးပေါင်ချိန် တိုးလာသည့်အခါ မုန်လာဥဖျော်ရည်ကို သောက်သုံးလိုက်ခြင်းသည် သွေးဖိအားမြင့်တက်လာမှုကို လျှော့နည်းစေပါသည်။ ဗီတာမင်အေနှင့်ပိုတက်စီယမ်ပေါ်ကြွယ်ဝသည့် မုန်လာဥနီသည် သွေးပေါင်ချိန်ကို ကောင်းမွန်စွာ ထိန်းညှိပေးပါသည်။

## (၅) ဘယ်ရီသီး

ဘယ်ရီသီးများသည် ဖလေဗာနွိုက် ပေါ်ကြွယ်ဝသည့်အသီးအမျိုးအစားဖြစ်သည်။ လေ့လာဆန်းစစ်ချက်အရ ဘယ်ရီသီးတွင် ပါဝင်သည့် ဖလေဗာနွိုက်သည် သွေးဖိအားကို လျှော့နည်းစေပါသည်။

## (၆) ဒိန်ချဉ်

အမေရိကန်နှလုံးအထူးပြု လေ့လာရေးအဖွဲ့အစည်းတစ်ခု၏ စမ်းသပ်ချက်အရ တစ်ပတ်လျှင် နို့ချဉ်ငါးခွက်ထက် ပိုသောက်သုံးပေးခြင်းကြောင့် သွေးဖိအားများခြင်းကို ၂၀ ရာခိုင်နှုန်းလျှော့ချပေးနိုင်သည်ဟု ဖော်ပြထားသည်။

## (၇) ဂျုံ

ကျွန်ုပ်တို့နိုင်ငံတွင် ဂျုံသည် အနောက်တိုင်းများကဲ့သို့ အဓိကစားသုံးသည့် အစားအစာမဟုတ်ပေ။ ဂျုံနှင့်သက်ဆိုင်လျှင် ပေါင်မုန့်၊ ကိတ်မုန့်များကိုသာ အဆာပြေအဖြစ် စားသုံးကြသည်။ သို့သော်လည်း ဂျုံသည် ဆိုဒီယမ်နှင့် အဆီဓာတ်ပါဝင်မှုနည်းပါး၍ အမျှင်ဓာတ်ပါဝင်မှု များပြားခြင်းကြောင့် သွေးပေါင်ချိန်တိုးမှုကို ထိန်းချုပ်ပေးနိုင်ပါသည်။

## (၈)ကြက်သွန်ဖြူ

ဟင်းခတ် အစားအစာအဖြစ် အသုံးပြုကြသည့် ကြက်သွန်ဖြူသည် ကိုယ်ခန္ဓာအတွင်းမှ လိုအပ်သည့် နိုက်ထရစ်အက်စစ်ကို တိုးပွားစေခြင်းဖြင့် သွေးပေါင်ချိန်တိုးမှုကို လျှော့ချပေးပါသည်။

အစာသည်ဘေး၊ အစာသည်ဆေး ဆိုသည့်အတိုင်း ကျွန်ုပ်တို့နေ့စဉ်နှင့်အမျှ စားသုံးနေသည့် အစားအစာများကို ဂရုစိုက်စားသုံးပေးလျှင် ကျန်းမာပျော်ရွှင်သည့် နေ့ရက်များကို ရရှိမည်မှာ သေချာပါသည်။

**ဆိုင်းတူး**












# ပိုးလမ်းမရုပ်ရှင်ပွဲတော် အတွက် Micro Film ပွဲ ယှဉ်ပြိုင်လိုသူများ လျှောက်ထားနိုင်

ဖေဖော်ဝါရီ ၂၂

တရုတ်နိုင်ငံ၊ တက်ဟုန်ပြည်နယ်ခွဲ၊မန်စီမြို့နယ်တွင် ပိုးလမ်းမ ရုပ်ရှင်ပွဲတော် ဒုတိယအကြိမ် တက်ဟုန် အပြည်ပြည်ဆိုင်ရာ Micro Film ပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ယှဉ်ပြိုင်လိုသူများ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

တက်ဟုန်ပြည်နယ်ခွဲ အနေဖြင့် တရုတ်နိုင်ငံ၏“The Belt and Road” အဆိုပြုချက်တွင် ပါဝင်စွမ်းဆောင်မှုပြုနိုင်ရန်၊ တက်ဟုန်ပြည်နယ်ခွဲ၏ ပထဝီအားသာချက်နှင့် ခေတ်သစ်သတင်းမီဒီယာစနစ်များဖြင့် အရှေ့တောင်အာရှ နိုင်ငံများနှင့် ယဉ်ကျေးမှု ဖလှယ်ရန်၊ ယဉ်ကျေးမှု ပေါင်းကူးတံတားဖြင့် သက်ဆိုင်ရာနိုင်ငံရှိ ပြည်သူများအကြား ခိုင်မြဲသည့် ချစ်ကြည်မှုနှင့် သံယောဇဉ် တည်ဆောက်နိုင်ရန်၊ ယဉ်ကျေးမှုဖလှယ်မှုဖြင့် တရုတ်နိုင်ငံ၏ ပုံရိပ်များကို မိတ်ဆက်မှုပြုနိုင်ရန်အတွက် ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်းလည်း သိရသည်။

ယင်းအပြင် "The Belt and Road" စီမံကိန်း တစ်လျှောက်ရှိနိုင်ငံများနှင့် ပြည်သူများအကြား တစ်စိတ်တစ်ဝမ်းတည်း ရှိလာစေရန်၊ တရုတ်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား ယဉ်ကျေးမှုဖလှယ်ခြင်းနှင့်ယဉ်ကျေးမှုများရောယှက်၍ ခိုင်မာသည့် ပေါင်းကူးတံတား တစ်ခုဖြစ်လာစေရန်၊လူစွမ်းအားနှင့် ယဉ်ကျေးမှုစွမ်းအားများ ပိုမိုကျယ်ပြန့်စွာ အကျိုးသက်ရောက်မှု ရှိလာစေရန်အတွက် ရည်ရွယ်ကြောင်းလည်း သိရသည်။

အထက်ပါ ပြိုင်ပွဲကို မဟာသကြ်န်ကာလအတွင်း ကျင်းပသွားမည် ဖြစ်ပြီး Film (ကွန်ရက်လွှင့် ရုပ်ရှင်)၊ Micro မှတ်တမ်းရုပ်ရှင်၊ Micro ကာတွန်းရုပ်ရှင်၊ VCR ကြော်ငြာနှင့် ပြည်သူ့နီတိကြော်ငြာစသည့်ပုံစံ(၅)မျိုးဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဖိုင်အမျိုးအစား (MOV), H264 Video decoding, MPG, MP4, RMVB, AVI များနှင့် အသုံးများသည့် Mainstream Player ဖြင့် ထုတ်လွှင့်နိုင်သည့် ပုံစံများဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး 4GB မကျော်သည့် File Size ဖြင့် ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုပါက ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ (၁၈) ရက်နေ့မှ ၂၀၁၉ ခုနှစ် မတ်လ(၂၅)ရက်အထိ လျှောက်ထားကြရမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်သည့် လက်ရာများမှာ ၂၀၁၇ခုနှစ်မှ ၂၀၁၈ခုနှစ်အတွင်း ရိုက်ကူးပြီးစီးသည့် လက်ရာများဖြစ်ရမည်။ပြသချိန်(၂၅)မိနစ်အတွင်းဖြစ်ရမည်၊ ပြီးပြည့်စုံသည့် ဇာတ်ကားအစ/အဆုံး ဇာတ်ဆောင်အပြောစကား၊ ဇာတ်ကြောင်း မိတ်ဆက်၊ တေးဂီတ၊ အဓိက တာဝန်ယူဖန်တီးသူ အမည်စာရင်းများ ပါဝင်ရမည်ဖြစ်သည်။

သက်ဆိုင်ရာ အမျိုးအစားအလိုက် ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး တရုတ်-မြန်မာ ပေါက်ဖော်သံယောဇဉ်ကို ဖော်ကျူးသော ရုပ်ရှင်ကို အဓိကရွေးချယ်သွားမည်ဖြစ်ကာ ဖုန်းနံပါတ် ၁၅၉၈၇၅၇၀၉၁၁၊ ၁၃၈၈၇၈၇၀၁၆၈၊ အီးမေးလိပ်စာ 3313605524qq.com သို့ ဆက်သွယ်နိုင်ကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)







QR Code ကို Scan ပြုလုပ်၍
"ပိုးလမ်းမရုပ်ရှင်ပွဲတော်" ဒုတိယအကြိမ် တက်ဟုန်အပြည်ပြည်ဆိုင်ရာ Micro Film ပြိုင်ပွဲအတွက် အမည်စာရင်းတင်သွင်းရန်ဖောင်ကို ရယူပါ။

AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)

BRAND NEW
SCANIA (2+1) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ (2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊ လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

# မြို့ပြမုဆိုးများရုပ်ရှင် ဇာတ်ကားမှာ ဖိုက်တင်မင်းသမီးအနေနဲ့ မြင်တွေ့ရမယ့် ကချင်တိုင်းရင်းသူ ဂျာဆိုင်းအိန်

**မျိုးမြတ်မြတ်ပန် မေးမြန်းသည်။**

ဒီအပတ်ရဲ့ အနုပညာကဏ္ဍမှာ တွေ့ဆုံမေးမြန်းထားတဲ့ သူကတော့ ကချင်အနုပညာရှင်တစ်ဦး ဖြစ်ပြီး လက်ရှိအချိန်မှာတော့ ကချင်အနုပညာလောကမှာ သာမက မြန်မာ့အနုပညာလောကမှာပါ စတင်လှုပ်ရှားလာပြီဖြစ်တဲ့ ကချင်တိုင်းရင်းသူလေး သရုပ်ဆောင် ဂျာဆိုင်းအိန်ပဲ ဖြစ်ပါတယ်။ သူမကတော့ အခုလတ်တလောမှာပဲ ဒါရိုက်တာကိုညာဏ်ထင် ရိုက်ကူးထားတဲ့ မြို့ပြမုဆိုး ရုပ်ရှင်ဇာတ်ကားမှာ သူမကို မြင်နေကြမဟုတ်တဲ့ ပုံစံသစ်တစ်ခုနဲ့ မြင်တွေ့ရမှာပါ။ ဒီရုပ်ရှင်ဇာတ်ကားမှာ သရုပ်ဆောင် ဂျာဆိုင်းအိန်အနေနဲ့ ဘယ်လိုကာရိုက်တာနဲ့ ပါဝင်သရုပ်ဆောင်ထားလဲ ဆိုတာကို မြစ်ကြီးနားသတင်းဂျာနယ်က မေးမြန်းထားတာတွေ စာဖတ်ပရိသတ်တွေဆီ ပြန်လည်မျှဝေပေးလိုက်ရပါတယ်။



**ပထမဦးဆုံးအနေနဲ့ ဒီမြို့ပြမုဆိုးများ ရုပ်ရှင်ဇာတ်ကားက ဘယ်လိုဇာတ်ကားမျိုးလဲ ဆိုတာပရိသတ်တွေကို ပြောပြပေးပါဦး။**

ဟုတ်. . . ဒီဇာတ်ကားကတော့ မြို့ပြမုဆိုးဆိုတဲ့အတိုင်း ဂိုဏ်းစတားကားပေါ့။ ဟိုဘက်ဂိုဏ်း ဒီဘက်ဂိုဏ်း အဲ့လိုပုံစံပေါ့။ ဖိုက်တင်ဇာတ်ကားတစ်ကား ဟုတ်တယ်ပေါ့နော်။

**သရုပ်ဆောင်တွေကရော ဘယ်သူတွေ ပါဝင်သရုပ်ဆောင်ထားတာလဲ။**

အကယ်ဒမီရန်အောင်၊ ဇင်ဝိုင်း၊ ခါရာ၊ ဂျာဆိုင်းအိန်၊ ပြည့်ဝတီမောင်၊ မင်းမြတ်စိုးစံနဲ့ တခြားသရုပ်ဆောင်တွေလည်း အများကြီး ပါဝင်ထားပါတယ်။

**ဒီရုပ်ရှင်ကားမှာ ဂျာဆိုင်းအိန်အနေနဲ့ ဘယ်လိုကာရိုက်တာမျိုး သရုပ်ဆောင်ထားတာလဲ။**

ဒီဇာတ်ကားမှာက ဟိုဘက်ဂိုဏ်း၊ ဒီဘက်ဂိုဏ်း ရှိတယ်ပေါ့လေ။ ကျွန်မကကျတော့ ဦးရန်အောင်ရဲ့ ဘယ်လက်ရုံး၊ ညာလက်ရုံးပေါ့။ အရမ်း တိုက်ရေးခိုက်ရေးရှိတဲ့ ကောင်မလေးတစ်ယောက်ပေါ့။ ဖိုက်တင်ကားဆိုတော့ ဖိုက်တာပုံစံ ရိုက်ထားတာပါတယ်။

**အရင်ကရော ဒီလိုဖိုက်တာတစ်ယောက်ပုံစံ ရိုက်ဖူးလား။**

တစ်ခါမှ မရိုက်ဖူးဘူး။ ဒါကတော့ ပထမဆုံးအကြိမ်ရိုက်ဖြစ်တာ ဟုတ်တယ်။ တစ်ကားလုံး ဖိုက်တင်ကားဖြစ်တယ်။

**ဒီဇာတ်ကားမှာက ဖိုက်တင်ခန်းတွေ ပါတယ်ဆိုတော့ ဘယ်လိုတွေ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့ရလဲ။**

မရိုက်ခင်က ဒါရိုက်တာနှင့် ထုတ်လုပ်သူက အဲ့ဒီဇာတ်ကားက ကာရိုက်တာရုပ်ဖြစ်အောင် သူတို့လေ့ကျင့်ပေးတယ်။ ပထမတော့ ဖိုက်တင်မရဘူး။ အကုန်သင်ရတာ။ ဖိုက်တင်ကို ၃ လ သင်ရတယ်။ သွေးအေးအေးနဲ့နေတတ်တဲ့ ကောင်မလေးပေါ့။ အဲလိုမျိုးကာရိုက်တာပေါ့။ နေ့တိုင်း အားနေရင်လည်း အဲလိုပုံစံသွင်းရတယ်။

**ဇာတ်ကားရိုက်တဲ့ အချိန်မှာရော ဘယ်လိုတွေ အခက်အခဲရှိခဲ့လဲ။**

အဲဒါရိုက်ဖို့ ၄လလောက်ကြာတယ်။ ရိုက်တဲ့အချိန်မှာရော ဘွတ်ဒေါက်စီးရတယ်။ ဘွတ်ဒေါက် စီးလွန်းတော့ ဇာတ်ကားရိုက်ပြီး ပန်းလာတဲ့အချိန် ခြေထောက်တောင် လမ်းလျှောက်လို့မရတော့ဘူး။ လူလည်း အရမ်းပင်ပန်းပြီး အချိန်လည်း အရမ်းပေးပြီး ရိုက်ထားတာဖြစ်တယ်။ စိတ်ရော လူရော အရမ်း အပင်ပန်းခံထားတယ်။ ဘွတ်ဒေါက်စီးပြီး ဖိုက်တင်ခန်းကို ရိုက်တော့ အနာတရတွေရတယ်။ လူစားလည်း မထိုးဘူးဆိုတော့ ကိုယ်ဖြစ်ကိုယ်ခံပဲ။ ပြီးတော့ အရမ်းလေ့ကျင့်ပြီး ခြေထောက်တွေ အရမ်းနာနေအောင်လေ့ကျင့်ပြီး ရိုက်ထားတဲ့အတွက် ပရိသတ်တွေလည်း သဘောကျမယ်လို့ မျှော်လင့်ထားတယ်။ရိုက်ပြီးတော့ စိတ်ကို. . 'ပုန်း' ဆိုပြီး ချတဲ့အချိန်မှာ အမလေး. . တစ်ကိုယ်လုံး ကိုက်ခဲနေတာပဲ။ လမ်းတောင် လျှောက်လို့မရဘူး။ ဖျားပြီး ဆေးပုလင်းတွေတောင် ချိတ်ရတဲ့အထိ ဖြစ်တယ်။

**ဒီဇာတ်ကားနဲ့ ပတ်သက်ပြီး အမှတ်တရတစ်ခုလောက် ပြောပြပေးပါဦး။**

အမှတ်တရကတော့ဖိုက်တင်ချရတဲ့အတွက် လုံးဝအမှတ်တရတခုလို ဖြစ်နေတယ်ပေါ့လေ။

**ဆိုင်းအိန်အနေနဲ့ အခုလက်ရှိ အနုပညာလှုပ်ရှားမှုဆိုရင်ရော။**

အခု ရုပ်ရှင်ဇာတ်ကား တကားရိုက်နေတယ်။ ပြီးခါနီးနေပြီ။ အခုလောလောဆယ်တော့ အဲ့ဒါပဲ ရှိပါတယ်။

**ဒီမြို့ပြမုဆိုးရုပ်ရှင် ဇာတ်ကားနဲ့ပတ်သက်ပြီးပရိသတ်တွေကို ပြောချင်တဲ့စကားက. . .။**

အရှောင်အတွက် ပထမဦးဆုံးသရုပ်ဆောင်တဲ့ ဖိုက်တင်ကားဖြစ်တယ်။ အမြင်အသစ်နဲ့လည်း မြင်တွေ့ရမယ်။ပြီးတော့အချစ်ဒရမ်မာအက်ရှင်ကားလည်း ဖြစ်တဲ့အတွက် ပရိသတ်အားလုံးကြိုက်မယ်လို့ထင်တယ်။ တကယ်တမ်းလည်း အရမ်းကြိုးစားထားတဲ့အတွက် ကြည့်ရှုသူတိုင်း ကြည့်ရကျိုးနပ်လိမ့်မယ်လို့ ပြောချင်ပါတယ်။




# အသိပေးကြေညာခြင်း





ချင်းလူမျိုးများ၏ ပြည်နယ်အလံအမှတ်တံဆိပ် နှင့် အမျိုးသားသင်္ကေတဖြစ်သော အောက်ချင်းငှက်ပုံကို အမျိုးသမီးများ၏ ထဘီ အောက်နားပတ် လည်တွင် ရက်လုပ်ခြင်း ၊ချည်ထိုး ပုံဖော်ခြင်း ၊ ရောင်းချခြင်း ၊ ဝတ်ဆင်ခြင်း များကို တွေ့မြင်နေရပါသည်၊
ထိုသို့ပုံဖော်၍ ရက်လုပ်ခြင်း ၊ ဆိုင်ပေါ်တင် ရောင်းချခြင်း ၊ ဝတ်ဆင်ခြင်း တို့ကြောင့် ချင်းလူမျိုးများ၏ ဂုဏ်သိက္ခာကျဆင်းစေပါသဖြင့် မပြုလုပ်ပေး ကြပါရန် မြစ်ကြီးနားမြို့မှ ချင်းရိုးရာယဉ်ကျေးမှုအဖွဲ့အနေဖြင့် မေတ္တာရပ်ခံ အပ်ပါသည်၊


သင့်ရဲ့ဘော်ဒါများနှင့် အတူဆင်နွှဲစို့
ကျပ်သိန်း (၃၀၀)
BAWDAR
50,000 Kyats
1 Bottle
BAWDAR
50,000 Kyats
ငါးသောင်းကျပ်
3,000 Kyats
သုံးထောင်ကျပ်
1 Bottle
BAWDAR တစ်ပုလင်း
ကျပ်သိန်း(၃၀၀) အထူးဆုကြီး
1,000 Kyats
တစ်ထောင်ကျပ်
500 Kyats
ငါးရာကျပ်
Thank You
ကျေးဇူးတင်ပါသည်
ရွှေရောင်အဖုံးပါသော BAWDAR ပုလင်းကိုဝယ်ပါ။
အဖုံးများ၏ အတွင်းဘက်ကို ကြည့်ရှုစစ်ဆေးပြီး ဆုများထုတ်ယူနိုင်ပါသည်။
၂၀၁၉ မတ်လ (၁)ရက်နေ့မှ ပစ္စည်းလက်ကျန်ရှိသည့်အချိန်ထိသာ
ဆုမဲများကို ၂၀၁၉ မေလ (၁၅)ရက်နေ့ ထိသာ လဲလှယ်နိုင်ပါသည်။
အသေးစိတ်အချက်အလက်များကို သိရှိလိုပါက Bawdar Beer Facebook page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
#ALWAYSBAWDAR
18+ ဘော်ဒါ အား သူငယ်ချင်းများနှင့်အတူ ချင့်ချိန် သုံးဆောင်ပါ
BAWDAR SMOOTH LAGER BEER
ALC. 5% VOL.